# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 8 January 2025 ၁၁၆၉၆


### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့်အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့်အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့်အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ အပြန်အလှန်ကုန်သွယ်မှုများမြှင့်တင် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Dr. Nassereddin HEIDARI သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ အပြန်အလှန်ကုန်သွယ်မှုများမြှင့်တင် ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ သိပ္ပံနည်းပညာကဏ္ဍ၊ စိုက်ပျိုးရေး ကဏ္ဍနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



### သံအမတ်ခန့်အပ်လွှာပေးအပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Nassereddin HEIDARI က ၎င်း၏သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။

### ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၇

| | | | | |
|---|---|---|---|---|
| ဟားခါး | ၂ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

### ယနေ့ ဖတ်စရာ


စာဖတ်သည့်ယဉ်ကျေးမှုအစ ပညာသင်ကျောင်းများက ....
ဆောင်းပါး စာမျက်နှာ » ၆

ဘဝကို ရိုးသားမှုနဲ့တည်ဆောက်ကြမယ်
ဆောင်းပါး စာမျက်နှာ » ၁၀

ရတနာပုံ(မန္တလေး)နန်းမြို့တော်အတွင်းရှိ တံခါးနီမြို့ရိုးကို သုတေသနပြုတူးဖော်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ
စာမျက်နှာ » ၁၇

ကြေးမုံ

# ရပ်ရွာတည်ငြိမ်အေးချမ်းသာယာရေး ပြည်သူလူထု ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် "ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး" ဟူသည့် နိုင်ငံရေး ဦးတည်ချက်ကို အလေးထားဆောင်ရွက်လျက်ရှိသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှ ပြည်သူတို့၏လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရန် ဖော်ဆောင်နိုင်ပြီး ပြည်သူများ စိတ်ချမ်းမြေ့စွာ နေထိုင်နိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံတစ်ဝန်းလုံးရှိ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို နှစ်စဉ်အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိသည်။ တည်ငြိမ်အေးချမ်းသောဒေသများတွင် မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး ဆောင်ရွက်နိုင်ပြီး တည်ငြိမ်အေးချမ်းမှုမရှိသောဒေသများတွင် မြို့ရွာများဖွံ့ဖြိုးတိုးတက်လာအောင် မဆောင်ရွက်နိုင်ဘဲ မငြိမ်းချမ်းသော လက်နက်ကိုင်ပဋိပက္ခ အကျိုးဆက်ကြောင့် ဒေသခံပြည်သူများမှာ ဒုက္ခဆင်းရဲနှင့် အခက်အခဲတွေ့ကြရသည့် အပြင် မြို့ရွာများပါ ပျက်စီးဆုံးရှုံးနေသည်ကို တွေ့ရမည်ဖြစ်သည်။

ယနေ့ကာလတွင် အချို့ဒေသများ၌ အကြမ်းဖက်သမားများက မြို့ရွာများသို့ ဝင်ရောက်ပြီး အရပ်သားပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ယူ၍ နယ်မြေဒေသလုံခြုံအေးချမ်းရေးအတွက် ဆောင်ရွက်ပေးနေကြသော လုံခြုံရေး တပ်ဖွဲ့ဝင်များအား ချောင်းမြောင်းပစ်ခတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခြင်းစသည်တို့ကို ပြုလုပ်လျက်ရှိသည်။

ထို့ပြင် အကြမ်းဖက် CRPH နှင့် NUG တို့၏စေခိုင်းမှုဖြင့် ဒေသခံ PDF အကြမ်းဖက်သမားများ နိုင်ငံအတွင်းရှိ အချို့ကျေးရွာများတွင် ခိုအောင်းနေထိုင်ပြီး အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြောင်းနှင့် ဘာသာရေးအဆောက် အအုံများ၊ စာသင်ကျောင်းများတွင် လက်နက်ခဲယမ်းများ သိုဝှက်သိမ်းဆည်းထား ကြောင်း နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသောလုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ရပ်များကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူအချို့၏ လျှို့ဝှက်ကူညီဆောင်ရွက်ပေးမှုများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရုတ်တရက် ထိုးဖောက်ဝင်ရောက်ရှင်းလင်းပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေကြသည်ကို မြင်တွေ့သိရှိကြရမည်ဖြစ်သည်။

အကြမ်းဖက်သမားများအနေဖြင့် ယခင်ကာလများကလည်း အုပ်ချုပ်မှုခက်ခဲ ပြီး အလှမ်းကွာဝေးသည့် မြို့ရွာအချို့တို့သို့ ဝင်ရောက်၍ လက်နက်အားကိုးဖြင့် အနိုင်ကျင့်ကာ အများပြည်သူဆိုင်ရာအဆောက်အအုံများ၊ ဒေသခံပြည်သူများ၏ နေအိမ်များအတွင်းသို့ ဝင်ရောက်နေရာယူ၍ အတွင်းအပြင်ပတ်လည်အား သံအိတ်များကာရံခြင်း၊ မိုင်းထောင်ခြင်း၊ အကြမ်းဖက်လေ့ကျင့်ရေးကွင်းများ ဖောက်လုပ် ခြင်းစသည့် အခိုင်အမာစခန်းတည်ဆောက်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ရန်ကြိုးပမ်းခဲ့သည့်ဖြစ်စဉ်များ၊ ပရဟိတလုပ်ငန်းခေါင်းစဉ်ပြ၍ အဆိုပါ ယာဉ်များအသုံးပြုကာ လက်နက်ခဲယမ်းများသယ်ဆောင်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူ အကြမ်းဖက်သမားများကို ပို့ဆောင်ခြင်းစသည်တို့ကို လုပ်ဆောင်ခဲ့ကြသည်။

အကြမ်းဖက်သမားများသည် ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော ပြည်သူ များ၏ နေအိမ်များ၊ ကျောင်းသား ကျောင်းသူများ၏ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စေတီပုထိုးများကို အသုံးချခိုအောင်းကာ အဖျက် လုပ်ရပ်များကို လုပ်ဆောင်နေကြသည့်အတွက် ဒေသခံပြည်သူများ အလုပ်အကိုင် စီးပွားပျက်ပြားပြီး တိမ်းရှောင်ထွက်ခွာသွားကြရခြင်း၊ ရပ်ရေးရွာရေး ဘာသာ သာသနာရေးများ ဆုံးရှုံးပျက်ပြားရခြင်း၊ ကျောင်းသား ကျောင်းသူများ ပညာ သင်ကြားခွင့် အခွင့်အရေးများဆုံးရှုံးရခြင်းစသည့် ရပ်ရွာပြည်သူများ အကျိုးစီးပွား ပျက်စီးပြီး ဒုက္ခဆင်းရဲ အခက်အခဲများနှင့် ကြုံတွေ့ကြရသည်။

လက်ရှိကာလဖြစ်ပေါ်နေသော တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသည့် ပြဿနာများသည် ဆင်ခြင်တုံတရားနှင့် အသိအမြင် ဗဟုသုတနည်းပါးသော ဒေသခံ ပြည်သူအချို့နှင့် ပြည်တွင်းပြည်ပမှ သွေးထိုးလှုံ့ဆော် ထောက်ပံ့ကူညီမြှောက်ပင့် ပေးသည့် အကြမ်းဖက်အဖွဲ့များ၊ လူပုဂ္ဂိုလ်များ၏ လက်ချက်ကြောင့် ကိုယ့်မြို့ ကိုယ့်ရွာကို ပြန်လည်ဖျက်ဆီးနေသည့် အကြမ်းဖက်အဖွဲ့များ၏ လုပ်ဆောင်မှုများ ဖြစ်သည်။ ကိုယ့်မြို့ကိုယ့်ရွာကို မပျက်စီးအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ကာကွယ် စောင့်ရှောက် ထိန်းသိမ်းဆောင်ရွက်ရမည့်အစား ကိုယ့်မြို့ကိုယ့်ရွာကို ပျက်စီးအောင် ၎င်းတို့ကိုယ်တိုင် လုပ်ဆောင်ခဲ့ကြသည့် အဖျက်လုပ်ရပ်များပင်ဖြစ်သည်။

သို့ဖြစ်ရာ လက်နက်ကိုင်သောင်းကျန်းသူများနှင့်ပူးပေါင်း၍ ကိုယ့်မြို့ကိုယ့်ရွာ ကိုဖျက်ဆီးနေသည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဒေသခံတိုင်းရင်းသားပြည်သူများက လက်ခံနိုင်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များ နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုကြောင့် အကြမ်းဖက်သမားများနှင့် လက်နက် ခဲယမ်းများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ရာ ဆက်လက်၍ အကြမ်းဖက် လှုပ်ရှားမှုများကို လျှို့ဝှက်သတင်းပေးကူညီပြီး နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း မှုရရှိရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးက တပ်မတော်နှင့်အတူ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးတိုက်တွန်းအပ်ပါကြောင်း။ ။




## ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ပန်းတိုင်ဆီ

## ၇ - ၁ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၃၃၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) ၌ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၇**

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)၏ (၂၃)ကြိမ်မြောက် စုပေါင်း သွေးလှူဒါန်းပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက် ၈ နာရီတွင် ကျင်းပသွားမည် ဖြစ်သည့်အတွက် သွေးလှူဒါန်းလိုသည့် သံဃာတော်များ၊ သီလရှင်များနှင့်ပြည်သူ များအနေဖြင့် ဇီဝိတဒါန သံဃာ့ဆေးရုံ ကြီး(ရန်ကုန်)၏ ဖုန်းနံပါတ်ဖြစ်သည့် ၀၁၉-၅၄၁၇၉၅ နှင့် ၀၉-၆၈၃၈၀၇၉၇၀ တို့ကို ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၇ - ၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| MTSH | ၃,၂၀၀ | ၃,၂၀၀ | ၁,၃၃၈ | ၄,၂၈၁,၆၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| FPB | ၁,၉၀၀ | ၁,၉၅၀ | ၁,၄၂၀ | ၂,၇၀၃,၀၀၀ |
| TMH | ၃,၂၅၀ | ၃,၂၅၀ | ၃၀၈ | ၁,၀၀၁,၀၀၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၁,၂၃၀ | ၂,၀၄၉,၅၀၀ |
| AMATA | ၄,၂၀၀ | ၄,၂၀၀ | ၃၈၀ | ၁,၅၉၆,၀၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၄၄၁ | ၁,၃၉၆,၂၀၀ |
| MADPL(PLB) | ၃,၀၅၀ | ၃,၀၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## လက်ခံတွေ့ဆုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Nassereddin HEIDARI အား လက်ခံတွေ့ဆုံစဉ်။



☆ ရှေ့ဖုံးမှ

ကာကွယ်ရေး ကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်နိုင်သည့် အခြေအနေများ၊ ယဉ်ကျေးမှုများ အပြန်အလှန်ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုတိုးတက် ကောင်းမွန်အောင် မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှု အခြေအနေများ၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး အတတ်နိုင်ဆုံး ကြိုးတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး လိုအပ်မှုနှင့် ရွေးကောက်ပွဲကျင်းပချိန်တွင် နိုင်ငံတကာမှ လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်သွားမည့် အခြေအနေများနှင့် စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အီရန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သောအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Nassereddin HEIDARI ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗန်ကောက်မြို့အခြေစိုက် အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဗန်ကောက်မြို့အခြေစိုက် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Nassereddin HEIDARI အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အီရန် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ နီကာရာဂွါသမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ဒယ်နီရယ် အော်တီဂါ ဆာဗေဒရာနှင့် ဒုတိယသမ္မတ မစ္စရိုဆာရီယိုမူရီလိုတို့ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူများအားလုံးနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဖော်ပြအပ်ပါသည်။

အဆိုပါနေ့ထူးနေ့မြတ်တွင် မြန်မာနိုင်ငံသားများအားလုံး ကြွယ်ဝချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်း၊ ကျန်းမာသုခနှင့်ပြည့်စုံ၍ လွတ်လပ်သာယာပါစေကြောင်း နီကာရာဂွါနိုင်ငံမှ ဆုမွန်ကောင်းပို့သအပ်ပါသည်။ နှစ်နိုင်ငံပြည်သူများအကြား ညီရင်းအစ်ကိုပမာ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ဆက်လက်ခိုင်မာလာစေရန် ထပ်လောင်းဆန္ဒပြုအပ်ပါသည်။

လေးစားချစ်ခင်ရပါသော ညီအစ်ကိုရင်းချာ ဝန်ကြီးချုပ်ခင်ဗျာ၊ မြန်မာပြည်သူများအတွက် ပေးပို့သော နီကာရာဂွါပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှုကို လက်ခံပေးပါရန် ပြောကြားလိုပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ထောင်လွန်းဆီဆုလစ်ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် အဆွေတော်ထံမှတစ်ဆင့် မြန်မာပြည်သူများထံသို့ မိမိကိုယ်တိုင်နှင့် လာအိုနိုင်ငံပြည်သူများကိုယ်စား မိမိမှ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

နှစ်နိုင်ငံနှင့် ပြည်သူများအကြား ကာလရှည်ကြာ ရင်းနှီးသည့်ဆက်ဆံရေးနှင့် နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုတို့သည် မိမိတို့၏လက်တွဲဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးဖြစ်ထွန်းမှုအတွက်သာမက ဒေသတွင်းနှင့် တစ်ကမ္ဘာလုံးတည်ငြိမ်အေးချမ်းမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့အတွက်ပါ လာမည့်နှစ်များစွာတိုင် ပိုမိုခိုင်မာတိုးတက်လာမည်ဟု မိမိအနေဖြင့် ခိုင်မာစွာ ယုံကြည်ပါသည်။

၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယ၌ အဆွေတော် ကျန်းမာရွှင်လန်းပျော်ရွှင်ပြီး အဆွေတော်၏ အလုပ်တာဝန်များထမ်းဆောင်ရာ၌ အောင်မြင်မှုများရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများအားလုံး သာယာဝပြောမှု အစွန်ရှည်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထား လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ ဆုံဆိုင်းဆီဖန်ဒုံထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိကိုယ်တိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရကိုယ်စား အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရထံသို့ နွေးထွေးသည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

လွန်ခဲ့သည့် နှစ်ပေါင်း(၇၀)ကျော်ကာလအတွင်း နှစ်နိုင်ငံအကြား၌ ကောင်းမွန်ပြီး အစဉ်အလာရှိသော ဆက်ဆံရေးမှာ စဉ်ဆက်မပြတ် တိုးတက်ဖြစ်ထွန်းလာခဲ့သည်ကို မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။ ဒေသတွင်းနှင့် နိုင်ငံတကာ၌ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးတို့အတွက်သာမက နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် နှစ်နိုင်ငံနှင့် ကဏ္ဍစုံမူဘောင်အတွင်းရှိ မိမိတို့၏ ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုများနှင့် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးတို့ တိုးတက်ခိုင်မာစေရေး အဆွေတော်နှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယ၌ အဆွေတော် အနေဖြင့် စိတ်ချမ်းသာ ကိုယ်ကျန်းမာရှိစေရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ပြည်သူများ၏ ပိုမိုကြီးပွားတိုးတက်ရေးနှင့် သာယာဝပြောရေးအတွက် ဦးစီးဆောင်ရွက်ရာတွင် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစား လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဒုတိယသမ္မတ မစ္စ ပါနီး ယာထော်တူးထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူတစ်ရပ်လုံးထံသို့ နွေးထွေးသည့် ဂုဏ်ပြုဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

နောင်လာမည့်နှစ်များတွင် မိမိတို့နှစ်နိုင်ငံအကြားရှိ ကောင်းမွန်သောအစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ကာလကြာရှည်နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုတို့သည် နှစ်နိုင်ငံနှင့် ကဏ္ဍစုံမူဘောင်များမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများ၏ တိုးတက်သာယာဝပြောရေးအတွက်သာမက အာဆီယံအသိုက်အဝန်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင်ပါ ပိုမိုခိုင်မာလာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယ၌ အဆွေတော် အနေဖြင့် စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး ကြီးမြတ်သော လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများ ပိုမိုရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထား လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဦးသန်းဆွေထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန် ဖုန်ဗီဟေးထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် အဆွေတော်ထံမှတစ်ဆင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ဝန်ထမ်းများထံသို့ မိမိမှ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ဆယ်စုနှစ် ခုနစ်ခုကြာကာလအတွင်း မိမိတို့နှစ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးနှင့် ကောင်းမွန်သောပူးပေါင်းဆောင်ရွက်မှုတို့သာမက နှစ်နိုင်ငံဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ခိုင်မာလာသည်ကို တွေ့မြင်ရသဖြင့် မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။ ထိုသို့ကောင်းမွန်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် နောင်လာမည့်နှစ်များတွင် ဆက်လက်တိုးတက်လာမည်ကို မိမိခိုင်မာစွာယုံကြည်ပါကြောင်းနှင့် နှစ်နိုင်ငံ၊ ပြည်သူများနှင့် ဝန်ကြီးဌာနများအကြား အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်လာရေးအတွက် အဆွေတော်နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုပါသည်။

၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယ၌ အဆွေတော်ထံသို့ ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ဝန်ထမ်းများအားလုံး ကျန်းမာရွှင်လန်း ပျော်ရွှင်ပြီး အလုပ်တာဝန်များထမ်းဆောင်ရာ၌ အောင်မြင်မှုများရရှိပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထား လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် အစည်းအဝေး (၁/၂၀၂၅) သို့ တက်ရောက်အမှာစကားပြောကြား




နေပြည်တော် ဇန်နဝါရီ ၇

လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏ (၁/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ တာဝန်ရှိသူတစ်ဦး တက်ရောက်ကြပြီး ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အဖွင့်အမှာစကား ပြောကြားရာ နိုင်ငံတော်အနေဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ဖွဲ့စည်းပေးခဲ့ပြီး လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ(၂)ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးကို ကော်မရှင်အဖွဲ့ဝင်များနှင့် ပညာရှင်များ၏ တတ်သိ ကျွမ်းကျင်မှုများဖြင့် ခေတ်စနစ်နှင့်လျော်ညီသော ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်း (Development Trends) ရရှိနိုင်ရေးနှင့် လတ်တလော အောင်မြင်စွာ ဖြေရှင်းနိုင်မည့် ဦးစားပေး ဆောင်ရွက်သင့်သည့် လုပ်ငန်းများ တိုင်ပင်ညှိနှိုင်း အဖြေရှာသွားကြရမည်ဖြစ်ပါကြောင်း။

ပြည်သူတို့၏ နေ့စဉ်လူနေမှုဘဝ တိုးတက်မြင့်မားရေး၊ ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) ပိုမိုဝင်ရောက်လာစေရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ရရှိရေးသည် အရေးကြီးသည့်အခြေခံအဆောက်အအုံ(Infrastructure) ဖြစ်နေသည့်အတွက် ကဏ္ဍ(၂)ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်နိုင်ရန် ကော်မရှင်ကို ဖွဲ့စည်းပေးရခြင်း ဖြစ်ပါကြောင်း။

**အဓိကမှီခိုနေရ**

လျှပ်စစ်ကဏ္ဍတွင် မိမိတို့နိုင်ငံရှိ လျှပ်စစ်ထုတ်လုပ်နိုင်သည့် အရင်းအမြစ်အမျိုးမျိုးရှိရာ ရေအားနှင့် သဘာဝဓာတ်ငွေ့တို့အပေါ် အဓိကမှီခိုနေရကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy) အသုံးပြုမှုကို ယခုထက်ပိုမိုတွင်ကျယ်အောင် ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ အချိန်တိုအတွင်း လျှပ်စစ်ဓာတ်အားရရှိရန် လိုအပ်လျက်ရှိသည့် အတွက် သဘာဝဓာတ်ငွေ့ရည် (LNG)သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံများမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိအနေအထားအရ မဟာဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို အကြမ်းဖက် ဖျက်ဆီးမှုများကြောင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးပို့မရခြင်း၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ကျဆင်းခြင်း၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းများကြောင့် လျှပ်စစ်ဓာတ်အား အပြည့်အဝ မထုတ်လုပ်နိုင်သည့်အပြင် သဘာဝဘေးဒဏ်ဖြစ်သည့် ရေကြီးရေလျှံခြင်းများကြောင့် လျှပ်စစ်ဓာတ်အားပေး စက်ရုံများလည်ပတ်မောင်းနှင်၍ မရသည့် အခက်အခဲများနှင့် ကြုံတွေ့နေရသော ကာလဖြစ်ပါကြောင်း။

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးတွင်လည်း ရရှိသမျှ လျှပ်စစ်ဓာတ်အားနှင့် အချိန်လိုက် အုပ်စုခွဲပြီး လျှပ်စစ်ဓာတ်အား သုံးသူများကို တတ်နိုင်သလောက်အဆင်ပြေချောမွေ့အောင် ဖြန့်ဖြူးပေးနေပါကြောင်း၊ ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်သည့် နေရာတွင် လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုတို့သည် အဓိကကျသည့်အတွက် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများကို ဖိတ်ခေါ်ဆောင်ရွက်ရန်နှင့် ရင်းနှီးမြှုပ်နှံသူကို ဆွဲဆောင်နိုင်ပြီး အကာအကွယ်ပေးနိုင်သည့် မူဘောင်များဖြစ်ရန် လိုအပ်ပြီး သက်ဆိုင်ရာ ဥပဒေ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်လေ့လာသုံးသပ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ မကွေးတိုင်းဒေသကြီး ခရီးစဉ်အတွင်း နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန်နှင့် ဧရာဝတီမြစ်ရေကိုထိန်း၍ ရသည့်နေရာများ၌ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အနိမ့်တမံများ တည်ဆောက်နိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားခဲ့ပါကြောင်း၊ ဧရာဝတီမြစ်အတွင်း အနိမ့်တမံများ တည်ဆောက်၍ လျှပ်စစ်ထုတ်ယူနိုင်သည့် နေရာ ၁၆ ခုရှိပြီး ဦးစားပေး လေးနေရာ အနက်မှ အသင့်လျော်ဆုံး တစ်နေရာအား အကျိုးအပြစ်များနှင့် အတူ ပြန်လည်တင်ပြရန် လမ်းညွှန်မှုပြုထား၍ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပညာရှင်များမှ အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း။

နိုင်ငံတကာတွင်လည်း ဆိုလာစွမ်းအင်ကို ဦးစားပေးဆောင်ရွက်နေသည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း နိုင်ငံတကာတွင် ကျင့်သုံးနေသည့်နည်းတူ Renewable Energy အား အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေး အဆောက်အအုံသစ်များ တည်ဆောက်မည်ဆိုပါက ဆိုလာစနစ်ပါ တပ်ဆင်အသုံးပြုရေးနှင့် ပိုလျှံလျှပ်စစ်များအား National Grid အတွင်း ပေးသွင်းနိုင်ရေးအတွက် ဥပဒေ၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်နိုင်သည်အထိ ဆောင်ရွက်သွားရမည် ဖြစ်၍ အားလုံးက အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း။

**ပြန်လည်အဆင့်မြှင့်တင်**

စွမ်းအင်ကဏ္ဍအနေဖြင့်လည်း ကုန်းတွင်း၊ ကမ်းလွန်လုပ်ကွက်သစ်များ၊ လုပ်ကွက်ဟောင်းများ ပြန်လည်အဆင့်မြှင့်တင်ခြင်းများ၊ ရေနံချက်လုပ်ခြင်း လုပ်ငန်းများအတွက် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားရမည် ဖြစ်၍ ဆောင်ရွက်သင့်သည် များကို အကြံပြု ပေးစေလိုပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်လိုအပ်ချက်သည် ယခုထက်ပိုပြီး ဆက်လက်မြင့်တက်နေဦးမည် ဖြစ်၍ လုံလောက်ဖူလုံစွာ ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်နေဦးမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် အဖွဲ့ဝင်များကလည်း မိမိတို့နှင့်သက်ဆိုင်သည့် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးဆိုင်ရာ လက်ရှိဆောင်ရွက်ချက်များ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်ရမည့် အနာဂတ်အစီအစဉ်များကို တင်ပြသွားကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကော်မရှင် ဒုတိယဥက္ကဋ္ဌ(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းနှင့် ကော်မရှင် ဒုတိယဥက္ကဋ္ဌ(၂) စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့က လျှပ်စစ်နှင့် စွမ်းအင် ထုတ်ယူသုံးစွဲနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲ၊ နောင်ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စု ဝန်ကြီးများက လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း လျှပ်စစ်ဓာတ်အားရရှိမှုနှင့် သုံးစွဲမှုအခြေအနေများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအစီအစဉ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးနေမှု အခြေအနေများ၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့၌ ပဉ္စမအကြိမ်မြောက် လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော် ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၇

ပဉ္စမအကြိမ်မြောက်လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လားဟူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ လားဟူတိုင်းရင်းသားများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပဉ္စမအကြိမ်မြောက် လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နှစ်သစ်ကူးပွဲတော် ဂုဏ်ပြုအမှာစကားနှင့် ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် လားဟူတိုင်းရင်းသားရိုးရာလက်ဆေးမင်္ဂလာဆောင်ရွက်ကြပြီး လားဟူတိုင်းရင်းသားများကိုယ်စား မိုင်းဆတ်လားဟူစာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားကာ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စာဖတ်သည့်ယဉ်ကျေးမှုအစ ပညာသင်ကျောင်းများက ....

ဒေါက်တာမောင်သင်း



"စာဖတ်ချိန်မရှိအောင် ကြိုးစားနေပါသည် ဆိုသော လူမျိုးသည် ဘယ်သောအခါမှ အောင်မြင်သည့်လူမျိုးဖြစ်လာမှာမဟုတ်ပါ"

ကွန်ဖြူးရှပ်(တရုတ်ပညာရှိကြီး)

**စာဖတ်တတ်လို့သာ သက်ရှိအားလုံးကို လွှမ်းမိုးနိုင်တာပါ**

"လူနှင့် တိရစ္ဆာန်ကွာခြားချက်မှာ တိရစ္ဆာန်က "အချိန်သက်" ဟူသည့် အသက်တစ်မျိုးတည်းဖြင့်သာ အသက်ရှင်၏။ လူက အသက်နှစ်သက်ဖြင့် အသက်ရှင်၏။ ယင်းတို့မှာ "ရင့်ကျက်သက်" နှင့် "အချိန်သက်"တို့ဖြစ်ကြသည်။ ရင့်ကျက်သက်ဆိုတာ ကိုယ့်ကိုယ်ကိုယ် အမြဲဖြည့်ဆည်းနေပါမှ ရနိုင်တာမျိုးပါ။ ထိုင်နေ၊ အိပ်နေရုံဖြင့်မရပါ။ သင်၊ မြင်၊ ကြားသမျှကို လေ့လာမှတ်သားနေရပါမည်။ များများနှင့်မြန်မြန် ဖြည့်ဆည်းနိုင်သည့် နည်းလမ်းကတော့ "စာများများဖတ်ခြင်းနှင့် စာဖတ်အထုံပါရမီရှိခြင်း"ပဲ ဖြစ်ပါသည်။

စာရေးသူသည် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်ဖွံ့ဖြိုးရေး ဟောပြောပွဲတစ်ခုတွင် လူနှင့် တိရစ္ဆာန်ကွာခြားချက်နှင့်ပတ်သက်၍ အထက်ပါအတိုင်းပြောကြားခဲ့ပါသည်။ စာဖတ်တတ်ခြင်းနှင့် "စာဖတ်သည့်ယဉ်ကျေးမှု" (Reading Culture) ထွန်းကားနေခြင်းကြောင့် လူသားအနေဖြင့် ရလာသည့်အကျိုးကျေးဇူးက **"ရင့်ကျက်သက်"** ရှိလာခြင်းပါ။ လူသားမှာသာ မှတ်တမ်းရေးနိုင်သည့်စာပေရှိ၏။ စာပေရှိ၍ ဆိုးမှု၊ ကောင်းမှု၊ အောင်မြင်မှု၊ ကျဆုံးမှု၊ ဆောင်ရန်၊ ရှောင်ရန် (Do and Don't) တို့ကို နောက်မျိုးဆက်များသို့ သင်ခန်းစာယူနိုင်ရန် ယခင်မျိုးဆက်များက မှတ်တမ်းတင်ထားနိုင်ခဲ့သည်၊ စာပေဖြင့် လက်ဆင့်ကမ်းပေးခဲ့သည်။

စာဖတ်တတ်သည့် နောက်မျိုးဆက်များကလည်း ထိုမှတ်တမ်းကို ဖတ်ရှုဖော်ထုတ်နိုင်ခဲ့သည်။ ပြီးလျှင် သူတို့နှင့် ခေတ်ပြိုင်မျိုးဆက်များဆီသို့ ဆက်လက်ဖြန့်ဝေနိုင်ခဲ့သည်။ သို့အတွက် အရင်မျိုးဆက်များ၏ လူ့အဖွဲ့အစည်းပျက်သုဉ်းစေမည့် တိုင်းဖျက်ပြည်ဆူအမှားများကို ဖယ်ရှားနိုင်၏။ လူ့အဖွဲ့အစည်း အေးချမ်းဖွံ့ဖြိုးမှုကို ဖော်ဆောင်ပေးမည့် ကောင်းမွေများကို ခံယူ၏၊ ခံယူပြီးလျှင် နောက်မျိုးဆက်က အရင်မျိုးဆက်ထက်သာလွန်အောင် လူ့ဘောင်လောကဖွံ့ဖြိုးမှုကို ဆက်လက်ကြိုးပမ်း၏။

ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ပညာခေတ်မှသည် ယနေ့ **"ဉာဏ်ရည်တုခေတ်"** (အေအိုင်ခေတ်, AI – Age) အထိ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက်တိုးတက်လာခဲ့သည်။ စာပေစတင်ပေါ်ပေါက်လာသည့် လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀ ကျော်မှသည် ယနေ့အထိ လူ့သမိုင်း၏ တိုးတက်မှုအရှိန်အဟုန်သည် လျင်မြန်လာခဲ့ကြောင်းကို သမိုင်းက မှတ်တမ်းတင်နိုင်ခဲ့သည်။ အခြားသက်ရှိများ တုပြိုင်၍မရနိုင်တော့သည့် သက်ရှိဖြစ်လာသည်၊ သက်ရှိအားလုံးကို လွှမ်းမိုး၍ ခိုင်းစေနိုင်၏။ ဤကဲ့သို့ သက်ရှိအားလုံးတို့၏ထိပ်က သက်ရှိဖြစ်လာရခြင်းမှာ တိရစ္ဆာန်များမှာ စာပေမရှိပေ။ လူသားမှာသာ စာပေရှိ၍ **"စာများများဖတ်သည့် အထုံပါရမီရှိခြင်း"** (သို့) **"စာဖတ်နာခြင်း"** ကြောင့်ပင် ဖြစ်ပေသည်။

တစ်ချိန်က စာမတတ်လျှင် အကန်းဟုဆိုကြသည်။ အကယ်၍ စာဖတ်တတ်သော်လည်း စာကို ဆက်လက်လေ့လာ ဖတ်ရှုခြင်းကင်းခဲ့လျှင် တစ်နည်းအားဖြင့် စာပေမှတစ်ဆင့် ဆက်လက်ဖြည့်ဆည်းမှုမရှိခဲ့လျှင် လူသားသည် တိရစ္ဆာန်ဘဝလိုသာ **"အချိန်သက်"** တစ်မျိုးတည်းဖြင့် အသက်ရှင်သူသာ ဖြစ်လာပေလိမ့်မည်။ တိရစ္ဆာန်ဘဝနှင့် မခြားသူသာဖြစ်ပေလိမ့်မည်။ စာဖတ်သည့်လူသားဖြစ်မှသာလျှင် အထက်တွင်ပြဆိုခဲ့သည့် လူ့လောက၏ ကောင်းမှု၊ ဆိုးမှု၊ အောင်မြင်မှု၊ ကျရှုံးမှု၊ ဆောင်ရန်၊ ရှောင်ရန်တို့ကို သိနိုင်စွမ်းဉာဏ်ရည်မြင့်မားလာ၏။ လူ့အဖွဲ့အစည်းကောင်းကျိုးသယ်ပိုးရမှာကို မြင်တွေ့နိုင်၏။

လူ့အဖွဲ့အစည်းကို ဖျက်ဆီးမည့် ကြံစည်တွေးတောလုပ်ကိုင်မှုကို ရှောင်ရှားနိုင်၏။ ဖျက်ဆီးသူများ၏အန္တရာယ်မှ ကာကွယ်၏။ အရာရာကို ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်ကာ ကောက်ချက်ချနိုင်၏၊ ပြီးလျှင် ဆောင်ရွက်၏။ နားတစ်ဖက်တည်းဖြင့် လက်မခံပေ၊ နား၊ မျက်စိ၊ နှလုံးသား၊ ဦးနှောက်တို့ဖြင့် ခံယူ၏၊ ယင်းတို့ဖြင့် ကိစ္စအဝဝကို ဟန်ချက်ညီညီဆုံးဖြတ်၏။ ဤသည်မှာ လူချင်းတူပါလျက် "ရင့်ကျက်သက်" ရှိသူ လူသားတို့၏ ရှင်သန်မှုဘဝပေတည်း၊ ထိုအခါ သက်ရှိချင်းအတူတူ "အချိန်သက်" ရော၊ "ရင့်ကျက်သက်" ဖြင့်ပါ အသက်နှစ်သက်ဖြင့် အသက်ရှင်နေသည့် **"တန်ဖိုးမြင့်လူသား"** ဖြစ်လာပေတော့သည်။ ထိုလူသားသည် စာမဖတ်ပေမဖတ် လူသားကို လွှမ်းမိုးနိုင်၏။ သူတို့ကို စေခိုင်းနိုင်သည့်ဘဝတွင် ရပ်တည်နေသည့်အဆင့်မှာရှိပေသည်။ စာပေမရှိသည့် တိရစ္ဆာန်သည် မည်မျှအင်အားကြီးစေကာမူ လူသား၏ အခိုင်းခံဘဝတွင်သာရှိနေသကဲ့သို့ စာတတ်သော်လည်း စာမဖတ်သူသည် အမြဲစာဖတ်သူ၏ စေခိုင်းရာဘဝ ရောက်ရှိရာပေသည်။

လွတ်လပ်ရေးရပြီးကတည်းက အခြေခံပညာကျောင်းများတွင် တွေ့နေရသည့် ဆောင်ပုဒ်က **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဟူ၍ပင်ဖြစ်ပါသည်။ အလွန်မှန်ကန်သဖြင့် စာရေးသူက **"ဒီမိုကရေစီအစ စာသင်ကျောင်းက"** ဟူ၍ ရှေးကဆရာကြီးများ၏အဆိုကို အတုခိုးကာ ဆောင်းပါးများရေးသားခဲ့ပါသည်။ ယခုလည်း မြန်မာ့လူ့အဖွဲ့အစည်းတွင် စာဖတ်သည့်ယဉ်ကျေးမှုကို အမှန်တကယ်အကောင်အထည်ဖော်ရမည့် မူလအစနေရာသည် အခြေခံပညာကျောင်းများသာဖြစ်၍ **"စာဖတ်သည့်ယဉ်ကျေးမှုအစ ပညာသင်ကျောင်းက"**ဟု ရှေးဆရာကြီးများကို ထပ်မံအတုခိုးရေးသားလိုက်ပါသည်။

သို့သော် **"စာသင်ကျောင်း"** ကို **"ပညာသင်ကျောင်း"** ဟူသောဝေါဟာရဖြင့် အစားထိုးလိုက်ပါသည်။ တကယ်တော့ စာသင်ကျောင်းသည် **"စာ"** ကိုအခြေပြု၍ မျိုးဆက်သစ်လူသားများကို ပညာရည်မြင့်မားအောင် လေ့ကျင့်ပေးရာ ပညာသင်ကြားပေးရာ နေရာဖြစ်ပါသည်။ ခေတ်များပြောင်း၍ ဝေါဟာရအသစ်အဆန်းများ မည်မျှပေါ်ပေါက်စေကာမူ မြန်မာ့လူ့အဖွဲ့အစည်းက နှစ်ပေါင်းထောင်ချီ ကျင့်သုံးလျက်ရှိနေသော ပညာရေးမျှော်မှန်းချက်ဖြစ်သည့် **"ဗလငါးတန်ဖွံ့ဖြိုးရေး"** ကို လေ့ကျင့်ပေးသည့်နေရာသည် ကျောင်းပင်ဖြစ်ပါသည်။

**စာဖတ်ခြင်းသည်ပညာရေး၏ ဉာဏဗလစွမ်းရည်ဖွံ့ဖြိုးစေရန်အတွက်ပါ**

ပညာရေးဟု ပြောကြတိုင်း ကျောင်းနေ၊ ကျောင်းတက်၊ စာသင်စာမေးပွဲကျင်းပ၊ အတန်းတက်၊ ဘွဲ့ရများလေ့ကျင့်ပေးမှုဟုသာ မြင်ကြသည်။ ပညာရေး၏ မူလအဓိပ္ပာယ်ဖွင့်ဆိုချက်မှာ **"လူသား၏ မွေးရာပါအရည်အသွေးများကို ထွက်ပေါ်လာအောင်၊ ထက်မြက်လာအောင် ဆွဲထုတ်လေ့ကျင့်ပေးတာပါ"** ဆိုလိုသည်မှာ လူသား၏ဉာဏ်ရည်မြင့်မားလာအောင် တစ်နည်းအားဖြင့် မြန်မာတို့၏ ဗလငါးတန်ကို အစွမ်းကုန်ဖွံ့ဖြိုးလာအောင် လေ့ကျင့်ပေးသည့်လုပ်ငန်းသည် ပညာရေးဖြစ်ပါသည်။ မြန်မာတို့၏ ဗလငါးတန်ထဲတွင် "ဉာဏဗလ" ပါဝင်ပေသည်။ ဉာဏစွမ်းရည် (ဉာဏဗလ) ကို ခေတ်သစ်ပညာရေးပညာရှင်များက အဓိပ္ပာယ်ဖွင့်ဆိုကြရာတွင် –

(၁) နှုတ်မှုနှင့် ဘာသာစကားကျွမ်းကျင်လိမ္မာမှု ဉာဏ်ရည်၊

(၂) ကျိုးကြောင်းဆက်စပ်နိုင်မှုနှင့် သင်္ချာဆိုင်ရာ ဉာဏ်ရည်၊

(၃) ခံစားမှုနှင့်အမြင်ကို ပြန်လည်ပုံဖော်နိုင်မှု စွမ်းရည်၊

(၄) ဂီတနှင့် အနုပညာခံစားနိုင်မှု မြင့်မားသည့် ဉာဏ်ရည်၊

(၅) လူမှုဆက်ဆံရေးဉာဏ်ရည်၊

(၆) မိမိကိုယ်ကို ရှုမြင်သုံးသပ်မှုဆိုင်ရာ ဉာဏ်ရည်၊

(၇) ကိုယ်ခန္ဓာလှုပ်ရှားထိတွေ့မှု ဉာဏ်ရည်

_ _ _ _ စသည်တို့ ပါဝင်ပါသည်။

ထိပ်ဆုံးတွင် ပါဝင်သည့် **"နှုတ်မှုနှင့် ဘာသာစကားကျွမ်းကျင်လိမ္မာမှုဉာဏ်ရည်"** (Verbal and Linguistic Skill) တွင် အရေး၊ အဖတ်၊ အပြော၊ တင်ပြမှုများ အစီရင်ခံစာနှင့် စာပေရေးသားမှုများ ပါဝင်ပါသည်။ ပြောချင်တိုင်းပြော၍မရပါ။ အချက်အလက်စုံလင်စွာဖြင့် ကျိုးကြောင်းဆီလျော်စွာ ပြောတတ်ရမည်။ ရှေ့နောက်ညီညွတ်စွာ ရေးတတ်ရမည်။ ရှင်းပြနိုင်စွမ်း၊ တင်ပြနိုင်စွမ်းရှိရမည်။ ထိုသို့ နှုတ်မှုနှင့် ဘာသာစကားကျွမ်းကျင်လိမ္မာမှုရှိရန် အဓိကလိုအပ်ချက်မှာ **"မိမိမှာ အသိဉာဏ်၊ ဗဟုသုတ ဝမ်းစာပြည့်အောင် ဖြည့်ဆည်းထားမှု"** ရှိရပါမည်။ ဉာဏ်ပညာဝမ်းစာဖြည့်သည့် ရှေးအကျဆုံးနှင့် ခေတ်လည်းအမီဆုံးနည်းမှာ **"စာဖတ်အထုံပါအောင်လေ့ကျင့်ခြင်း"**ပင်ဖြစ်ပါသည်။

**"ဉာဏဗလဖွံ့ဖြိုးမှုအစ စာဖတ်သည့်လေ့က"** ဟု ဆိုပါရစေ။ **"သင့်သားသမီး ဉာဏ်ရည်မြင့်မားစေလိုလျှင် ပြင်ပစာများများ ဖတ်စေပါ"** ဟု မိဘများကိုတိုက်တွန်းပါရစေ။ **"စာဖတ်သည့်ယဉ်ကျေးမှု"** (Reading Culture) ထွန်းကားအောင် လေ့ကျင့်ပေးရပါမည်။ ကျောင်းသင်ရိုးပါဖတ်စာအုပ်မဟုတ်သည့် ပြင်ပစာများဖတ်၍ စာကျက်ချိန်နည်းသွားမည်၊ ဝတ္ထုဖတ်၍ စိတ်လေမည် ဟူသည့် ပညာရေးအမြင်ကင်းသည့် အယူအဆများကို ပယ်သင့်ပါပြီ။ စာမျက်နှာ ၇ သို့ ❐

စာပေစတင်ပေါ်ပေါက်လာသည့် လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀ ကျော်မှသည် ယနေ့အထိ လူ့သမိုင်း၏ တိုးတက်မှုအရှိန်အဟုန်သည် လျင်မြန်လာခဲ့ကြောင်းကို သမိုင်းက မှတ်တမ်းတင်နိုင်ခဲ့သည်။ အခြားသက်ရှိများ တုပြိုင်၍မရနိုင်တော့သည့် သက်ရှိဖြစ်လာသည်၊ သက်ရှိအားလုံးကို လွှမ်းမိုး၍ ခိုင်းစေနိုင်၏။ ဤကဲ့သို့ သက်ရှိအားလုံးတို့၏ထိပ်က သက်ရှိဖြစ်လာရခြင်းမှာ တိရစ္ဆာန်များမှာ စာပေမရှိပေ။ လူသားမှာသာ စာပေရှိ၍ "စာများများဖတ်သည့် အထုံပါရမီရှိခြင်း" (သို့) "စာဖတ်နာခြင်း" ကြောင့်ပင်ဖြစ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၇**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ် ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန ဧရာဝတီခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် များနှင့် ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ် ရုံးများတွင် သွားရောက် တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများနှင့် အမှုထမ်းများက ၎င်းတို့ သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံများနှင့် ယခုသွားရောက်တာဝန်ထမ်းဆောင်ရမည့် နိုင်ငံများကို တစ်ဦးချင်းစီ မိတ်ဆက်တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သံတမန် ဝန်ထမ်းတစ်ဦးအတွက် အရေးကြီးဆုံး တာဝန်မှာ နိုင်ငံတော်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိရိုသေရန် မှာကြားလိုကြောင်း၊ သံတမန်တစ်ဦးသည် အရည်အသွေး၊ အရည်အချင်းများနှင့် ပြည့်စုံပြီး ဆင်ခြင်တုံတရားရှိရှိ ဆောင်ရွက်နိုင်မှသာ မိမိကိုယ်မိမိ တန်ဖိုးမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ သံတမန်ဆိုသည်မှာ လူအင်အားအနည်းဆုံးဖြင့် ကြီးမားသည့်တာဝန်ကို ထမ်းဆောင်ရမည်ဖြစ်သည့်အတွက် သံတမန် အရည်အသွေးများ တိုးတက်နေအောင်၊ ထက်မြက်နေအောင် ကြိုးစားကြရမည် ဖြစ်ကြောင်း၊ တစ်ဦးချင်းအလိုက် နေထိုင်ကျင့်ကြံရမည့် အပြုအမူများ၊ ကြိုးစား အားထုတ်မှုများကို ဆင်ခြင်ဉာဏ်သုံး၍ ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ သွားရောက် တာဝန်ထမ်းဆောင်မည့် နိုင်ငံအကြောင်းကို ကြိုတင်လေ့လာသွားရန်လိုအပ်ပြီး ထိုသို့သိရှိမှသာ တာဝန်ထမ်းဆောင်မှုတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ဖြစ်ပေါ်ပြောင်းလဲနေမှုများကို မျက်ခြည်မပြတ် စောင့်ကြည့်နေရမည်ဖြစ်ပြီး သံတမန်ဝန်ထမ်းများ အနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် မိမိနိုင်ငံ၏ အကျိုးဖြစ်ထွန်းအောင်၊ နှစ်နိုင်ငံအကျိုးဖြစ်ထွန်းအောင်၊ ဆက်ဆံရေးတိုးတက်အောင် ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ရောက်ရှိသည့်နိုင်ငံတွင် မြင်တွေ့ရသည့် ဖြစ်ပေါ်တိုးတက်မှုများကို နမူနာယူ၍ အားသာချက်၊ အားနည်းချက်များကို သင်ခန်းစာယူတတ်ရန်လိုကြောင်း၊ သံတမန်ဖြစ်သည့်အတွက် Negotiation Skill ကောင်းမွန်ပြီး ကျွမ်းကျင်မှုရှိရန်လိုကြောင်း၊ သံတမန်များလိုက်နာရမည့် စည်းကမ်း၊ နေထိုင်သွားလာမှုများကို သတိပြုရန်ဖြစ်ကြောင်း၊ သံတမန် အခွင့်အရေးနှင့် ကင်းလွတ်ခွင့်များကို အကျိုးရှိရှိ ထိန်းသိမ်း ဆောင်ရွက်ရန်နှင့် လွဲမှားစွာ အသုံးမချရန်လိုအပ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် မှန်ကန်သည့် ကြိုးစားအားထုတ်မှုဖြင့် အသိအမှတ်ပြုဂုဏ်ပြုခံရအောင် ကြိုးစားရန်လိုအပ်ပြီး ကြိုးစားမှုအပေါ် မူတည်ပြီး နိုင်ငံတော်က ဘွဲ့ထူးဂုဏ်ထူး၊ ဆုတံဆိပ်များ ချီးမြှောက်ပေးလျက်ရှိကြောင်း။

သံတမန်တစ်ဦး အနေဖြင့် သံခင်းတမန်ခင်း ကျွမ်းကျင်မှုအပြင် ညှိနှိုင်းဆွေးနွေးမှု၊ နည်းနာကျွမ်းကျင်မှုနှင့် ဘာသာစကားများ ကျွမ်းကျင်မှုရှိအောင် ကြိုးစားကြရမည်ဖြစ်ပြီး ကမ္ဘာသုံးဘာသာစကား၊ သွားရောက်တာဝန်ထမ်းဆောင်မည့် နိုင်ငံ၏ဘာသာစကားကိုပါ တတ်မြောက်နိုင်ရေး ကြိုးစားလေ့လာ သင်ယူစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် အချင်းချင်း စည်းလုံးညီညွတ်မှုရှိစေလိုကြောင်း၊ အလုပ်တစ်ခုကို လုပ်ဆောင်မည်ဆိုပါက တစ်ဦးတစ်ယောက်အားထက် အများ၏စုပေါင်းအားဖြင့် ဆောင်ရွက်ရခြင်းသည် လုပ်ငန်းကို ပိုမိုထိရောက်ခရီးရောက်စေသည့် အတွက် ညီညွတ်မှုရှိကြရန် တိုက်တွန်းပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အမှာစကား ပြောကြားစဉ်။

❐ စာမျက်နှာ ၆ မှ

သို့မှသာ ဦးသန့်ပြောခဲ့သည့် **“စာဖတ်တာ အမြင့်ကို ပျံသန်းချင်လို့ တောင်ပံတပ်ဆင်ခြင်းပါ၊ စာဖတ်သည့်လူမျိုးသည် တိုးတက်၍ တိုးတက်သောလူမျိုးတိုင်း စာဖတ်ကြသည်”** ဟူသော စာဖတ်သည့်နိုင်ငံသားများပေါ်ကြွယ်ဝကာ ဖွံ့ဖြိုးသည့်နိုင်ငံဖြစ်ပေလိမ့်မည်။

မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် **“စာဖတ်ပါရမီ ရင့်သန်စေရန်”** နိုင်ငံတစ်ဝန်းရှိ ပညာသင်ကျောင်းများက မဖြစ်မနေ လေ့ကျင့်ပေးရန် လိုပါလိမ့်မည်။ သို့မှသာ **“နိုင်ငံဖွံ့ဖြိုးမှုအစ ပညာသင်ကျောင်းများက”** ဟု မြင်ကြ၊ လက်ခံကြပါလိမ့်မည်။ ထို့အတူ လူသားအမည်ခံရုံသာအဆင့်ရှိပြီး တိရစ္ဆာန်နှင့် အသိဉာဏ်မကွာမခြားသည့် စာမဖတ်သူများ **“စာဖတ်ပျင်း၍ ကိုယ့်ကိုယ်ကိုယ် နွံတွင်းသို့တွန်းချနေသူမျိုးဆက်များ”** ပပျောက်သွားပေလိမ့်မည်။ ကျွန်တော်တို့ နိုင်ငံတွင် အခြေခံပညာကျောင်းသားဘဝကတည်းက **“စာဖတ်သည့် အလေ့အကျင့်မှ စာမဖတ်ဘဲမနေနိုင်သည့် အလေ့အထ”** (Reading Practice to Reading Culture) ကို လက်တွေ့ပျိုးထောင်လေ့ကျင့်ပေးနိုင်မည့် အစီအစဉ်ကို “စာရေးသူ လေ့လာစုဆောင်းမိသမျှ” နိုင်ငံဖွံ့ဖြိုးမှုကောင်းကျိုးမျှော်ကိုး၍ ရေးသားလိုက်ရပါသည်။

**ကျောင်းများတွင် စာဖတ်သည့်ယဉ်ကျေးမှု ပျိုးထောင်ပေးရသည့် ရည်ရွယ်ချက်များမှာ**

၁။ ယနေ့ကျောင်းနေအရွယ် မျိုးဆက်သစ်များ အနေဖြင့် မိမိဘဝမြှင့်တင်ရေးနှင့် မိမိပတ်ဝန်းကျင်ကို ကောင်းကျိုးပြုနိုင်ရေးအတွက် စာဖတ်ခြင်းဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေရန်။

၂။ မျိုးဆက်သစ်နိုင်ငံသားများတွင် အမှန်နှင့် အမှား၊ အကောင်းနှင့်အဆိုး ခွဲခြားနိုင်စွမ်းရှိမှု၊ ဆင်ခြင်တွေးတောတတ်မှု (Critical Thinking) နှင့် တီထွင်ကြံဆမှု (Creative Thinking) ရင့်သန်လာစေမည့် ဉာဏ်ပညာ ဗဟုသုတများ ပိုမိုတိုးပွားလာစေရန်။

၃။ အခြေခံပညာအဆင့်ပြီးဆုံးပါက အကြောင်းအရာတစ်ရပ်ရပ် (သို့) ပြဿနာတစ်ခုခုကို ကျိုးကြောင်းဆင်ခြင်သုံးသပ်နိုင်မှုဖြင့် ချဉ်းကပ်နိုင်စွမ်းရှိသည့် “ရင့်ကျက်သူ”များ (သို့) “ရင့်ကျက်သက်ဖြင့် အသက်ရှင်နေသူများ” ဖြစ်ထွန်းလာစေရန်နှင့် မိမိဘဝ အောင်မြင်တိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် အသိပညာ၊ အတတ်ပညာများနှင့် နည်းလမ်းများကို စာပေဖတ်ရှုခြင်းမှတစ်ဆင့် ရယူနိုင်ကြောင်း အသိတရားများကို ရရှိစေပြီး စာဖတ်သည့်ဓလေ့ကို သက်ဆုံးတိုင် မြတ်နိုးခုံမင်သွားစေရန်- - - တို့ ဖြစ်ပါသည်။

**ပျိုးထောင်ပေးရခြင်း အကြောင်းရင်းများ**

၄။ အခြေခံပညာကျောင်းသူကျောင်းသားအတော်များများသည် ပြဋ္ဌာန်းထားသည့် ဖတ်စာအုပ်ပါ ကျောင်းစာမှလွဲ၍ ပြင်ပစာပေများကို ဖတ်ရှုမှုမရှိသလောက်ဖြစ်နေသဖြင့် ပြင်ပဗဟုသုတနည်းပါးလာခြင်း။

၅။ ဖတ်စာအုပ်လွန် ပြင်ပဗဟုသုတနည်းပါးလာသဖြင့် အတန်းအောင်သော်လည်း အကြောင်းနှင့် အကျိုး ခွဲခြားနိုင်စွမ်းမရှိတော့ခြင်း၊ ဆင်ခြင်တုံတရားနည်းပါးလာခြင်း၊ တခြားလူပြောသမျှ ယုံလွယ်သဖြင့် ပညာသင်ဆဲကာလနှင့် လုပ်ငန်းခွင်တွင် နိုင်ငံနှင့် လူမျိုးကို ဖျက်ဆီးသူများ၏ သွေးဆောင်ခံရခြင်းကြောင့် ဥပဒေဘောင်ကျော်လွန်လုပ်ကိုင်မှုများနှင့် နောက်ဆုံးတွင်အသက်ဆုံးရှုံးရမှုများ မြန်မာ့မျိုးဆက်သစ်များအတွင်း တွေ့ရှိနေရခြင်း။

၆။ မြန်မာ့မျိုးဆက်သစ်များအတွင်း စာဖတ်ခြင်းသည် **“မှားယွင်းသောအယူအဆများကို ပယ်ဖျောက်နိုင်ခြင်းနှင့် ယုံမှားသံသယကင်းစေသည်”** ဟူသည့် အသိတရားကို ပိုင်ဆိုင်စေ၍ အမှားနှင့်အမှန်၊ ဓမ္မနှင့် အဓမ္မခွဲခြားနိုင်မှု အသိဉာဏ်မြင့်မားလာစေကာ နိုင်ငံနှင့် မြန်မာ့လူ့အဖွဲ့အစည်းကို ဖွံ့ဖြိုးအောင် ဆောင်ရွက်လာနိုင်ခြင်းနှင့် ယင်းတို့အား ပျက်သုဉ်းစေမည့် အပြုအမူများကင်းဝေးအောင် ရှောင်ရှားနိုင်သည့် ဉာဏ်ရည်မြင့်မားလာခြင်း။

**လက်တွေ့အကောင်အထည်ဖော်မည့်အစီအစဉ်**

၇။ အတန်းအောင်၊ ဘွဲ့ရသော်လည်း ပြဋ္ဌာန်းစာအုပ်ဘောင်ကို ကျော်၍မကြည့်တတ်၊ မမြင်တတ်သည့်လူငယ်များအား အတန်းပညာရေး လေ့ကျင့်သင်ကြားမှုနှင့်အတူ စာဖတ်မှုပါရမီ ရင့်သန်စေခြင်း (Reading Culture) ဖြင့် မိမိပတ်ဝန်းကျင်နှင့် ကမ္ဘာတစ်လွှားကို ကြည့်မြင်တတ်သည့် ဉာဏ်အလင်းတံခါးပွင့်လင်းလာစေကာ မိမိနှင့် မိမိနိုင်ငံ လူ့အဖွဲ့အစည်းကောင်းကျိုးကို မြှင့်တင်လိုစိတ်၊ သယ်ပိုးလိုစိတ်များ မြင့်မားလာစေခြင်းတို့ ဖြစ်ပါသည်။

၈။ KG နှင့် Grade 1 တို့တွင် ပြဋ္ဌာန်းစာအုပ်တွင် မပါဝင်သည့် ရောင်စုံဓာတ်ပုံ၊ ပန်းချီများဖြင့် ရေးဆွဲထားသည့် သစ်ပင်၊ တိရစ္ဆာန်၊ လူ၊ တိုင်းရင်းသားလူမျိုးများ၏ ဝတ်စုံ စသည်တို့ ဝတ်ဆင်ထားသည့် ကလေးငယ်များပုံ၊ ကာတွန်းအရုပ်များသာပါသည့် စာအုပ်များကို ကလေးများအားကြည့်ခိုင်းပြီး ဆရာဆရာမကရှင်းပြကာ စာအုပ်ထဲမှ အနှစ်သက်ဆုံးပုံနှင့် အကြိုက်ဆုံးစာအုပ်ကို ရွေးချယ်တတ်စေပြီး ပြင်ပဗဟုသုတစာအုပ်များနှင့် ရင်းနှီးကျွမ်းဝင်မှုကို စတင်မိတ်ဆက်မှုပြုရန်။

၉။ Grade 2 မှစတင်၍ မူလတန်းအဆင့်ပြီးမြောက်သည်ထိ ကျောင်း၏ဖွံ့ဖြိုးရေးအချိန်များတွင် သက်ဆိုင်ရာ Grade အဆင့်နှင့်အညီ အကျင့်စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်ဓာတ်ခိုင်မာမြင့်မားရေး၊ ဗဟုသုတနှင့် အားကျအတုယူနိုင်သည့်စံပြပုဂ္ဂိုလ်များ၏ စာအုပ်များအား အနည်းဆုံး သုံးအုပ်မှ ငါးအုပ်အထိ ဖတ်ပြီးကြောင်းနှင့် မူလတန်း၏ နောက်ဆုံးအဆင့် (Grade-5) ၌ စာသင်ခန်းတွင်း၊ ကျောင်း Assembly တွင် မိမိနှစ်သက်ရာ ဖတ်ရှုလေ့လာထားသည့်စာအုပ်တို့မှ စံနမူနာယူဖွယ်ရာ၊ အားကျစရာတစ်ခုခုအကြောင်း ပြောပြစေခြင်း၊ Grade 4 နှင့် Grade 5 မှစတင်၍ စာကြည့်တိုက်၌ စာအုပ်ငှားရမ်းခြင်း၊ စာအုပ်ထိန်းသိမ်းခြင်းတို့တွင် အလှည့်ကျတာဝန်ယူစေခြင်း။

၁၀။ အလယ်တန်းအဆင့် (Grade 6–9) ၌ အတန်းတိုင်းတွင် သတင်းစာ၊ ဂျာနယ်၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် အမျိုးသားရေးစိတ်ဓာတ်များ ဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေမည့်စာအုပ်များ၊ စည်းလုံးညီညွတ်မှု၏အရသာ၊ ခေါင်းဆောင်ကောင်းများ၏ အများအကျိုးအတွက် သယ်ပိုးမှု အတုယူအားကျစရာစာအုပ်များနှင့် ပုံပြင်၊ သုတ၊ စံပြပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများ၊ ဆောင်းပါးပေါင်းချုပ်၊ မြန်မာနှင့် ကမ္ဘာ့သမိုင်း (သင်ရိုးတွင်မပါဝင်သည့်) ကဗျာနှင့် ဝတ္ထုတိုများစသည်တို့မှ အနည်းဆုံး (၅)အုပ် ဖတ်ရှုပြီးမြောက်ကြောင်းနှင့် ဖတ်ရှုရာမှရရှိသည့် ဗဟုသုတ၊ အတွေးအမြင်အကြောင်းအရာတစ်ခုခုကို စာစီစာကုံး (သို့) ကဗျာတစ်ပုဒ်တို့ကို ရေးသားတင်သွင်းစေခြင်းနှင့် ကျောင်းသား ကျောင်းသူများအား စာကြည့်တိုက်တွင် အလှည့်ကျတာဝန်ချထားခြင်း။

၁၁။ အခြေခံပညာအထက်တန်း(Grade 10, 11, 12)အဆင့်တွင် သုတနှင့် ရသစာပေမျိုးစုံ၊ ဝတ္ထု၊ ဆောင်းပါး၊ အတ္ထုပ္ပတ္တိ၊ သင်ရိုးတွင်မပါသည့် ကမ္ဘာနှင့် မြန်မာ့ပထဝီ၊ ကမ္ဘာနှင့် မြန်မာ့သမိုင်းနှင့် သိပ္ပံအကြောင်း၊ နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်များ၊ လစဉ်ထုတ်မဂ္ဂဇင်းများမှ ကြိုက်နှစ်သက်ရာကို ဖတ်ရှုရခြင်းကြောင့် မိမိအတွက် မည်ကဲ့သို့ခံစားရကြောင်း၊ အသိအမြင်တိုးလာကြောင်းနှင့် အကျိုးရရှိလာကြောင်းကို စာစီစာကုံး(သို့) ဆောင်းပါး (သို့) ကဗျာ နှစ်စောင် (ပထမနှစ်ဝက်တွင် တစ်စောင်နှင့် စာသင်နှစ်အဆုံးတွင် တစ်စောင်) ရေးသားခြင်း၊ ကျောင်းသား ကျောင်းသူများအား စာကြည့်တိုက်တွင် အလှည့်ကျတာဝန်ချထားခြင်း၊ မိမိရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ၌ ကျောင်းအားလပ်ရက်များတွင် ကူညီလုပ်အားပေးစေခြင်း။

(ဆက်လက်ဖော်ပြပါမည်)

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံပိုင်လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိသည့် လုပ်ငန်းနှင့် ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများအား ဂုဏ်ပြုသည့်အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံပိုင်လုပ်ငန်း(SOE) စွမ်းဆောင်ရည်ဆုရရှိသည့်လုပ်ငန်းနှင့် ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများအား ဂုဏ်ပြုသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ စက်မှုဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် နိုင်ငံတော်မှ စက်မှုဝန်ကြီးဌာနရှိ ဝန်ထမ်းများအနက် ဝန်ထမ်း ၅၅ ဦးကိုလည်းကောင်း၊ ယခုနှစ်တွင် ဝန်ထမ်း ၁၀ ဦးကိုလည်းကောင်း စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့ကြောင်း၊ ဝန်ထမ်းများအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ၊ နည်းပညာစွမ်းဆောင်ရည်ဆုများ ချီးမြှင့်ပေးအပ်နိုင်ရေးအတွက် ဦးစီးဌာန၊ စက်မှုလုပ်ငန်းအသီးသီးမှ စိစစ်ထောက်ခံပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ဝန်ထမ်းများအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ပေးအပ်သကဲ့သို့ စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနက် သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ဝန်ထမ်းများကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ တစ်ဆင့်မြင့်ရာထူးနေရာများသို့ တိုးမြှင့်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာန၏ ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်စေရေးအတွက် ဦးစီးဌာန၊ လုပ်ငန်းများအနေဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ အရည်အသွေးများ တိုးတက်မြင့်မားလာစေရေးအတွက် တာဝန်ရှိသူများက လေ့ကျင့်ပျိုးထောင်ပေးကြရန်နှင့် ဝန်ထမ်းများ၏ စုပေါင်းကြိုးစားမှုဖြင့် နိုင်ငံတော်အတွက် အကျိုးရှိသည့် ဆန်းသစ်တီထွင်မှုများ ပေါ်ထွက်လာအောင်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ ရေရှည်ရပ်တည် လည်ပတ်နိုင်ရေးအတွက် နိုင်ငံပိုင်လုပ်ငန်းစွမ်းဆောင်ရည်ဆု ရွေးချယ်နိုင်ရေးအတွက် သတ်မှတ်စိစစ်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်မှချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံရသည့် ဝန်ထမ်းများကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ တက်ရောက်လာကြသည့်ဧည့်သည်တော်များ၊ ဂုဏ်ထူးဆောင်တံဆိပ်၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများအား နံနက်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ကယားပြည်နယ်ဝန်ကြီးချုပ် နည်းပညာတက္ကသိုလ်(လွိုင်ကော်)နှင့် ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)တို့၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ တက်ရောက်

**လွိုင်ကော် ဇန်နဝါရီ ၇**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ နည်းပညာတက္ကသိုလ်(လွိုင်ကော်)နှင့် ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ စားသောက်မှု အဆင်ပြေစေရန် ပထမနှစ်ဝက် ပညာသင်ကာလအတွက် ဆန်၊ ဆီနှင့် စားစရိတ်ငွေများ ပေးအပ်ရာ နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာ ခိုင်ဇော်နိုင်နှင့် ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာသင်းသင်းထွေးတို့က လက်ခံရယူကြသည်။ ဆက်လက်၍ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့အတွက် ဘက်စုံအသုံးပြုရန် အလှူငွေများကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် စီးပွားရေးရာဝန်ကြီးတို့က ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

ထို့နောက် နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာ ခိုင်ဇော်နိုင်နှင့် ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာ သင်းသင်းထွေးတို့က မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြပြီး မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူ များက တေးသရုပ်ဖော် ကပြဖျော်ဖြေခဲ့ကြရာ အဆိုပါ ကပြဖျော်ဖြေသည့် အဖွဲ့လေးဖွဲ့အား ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။




**ပြည်နယ်(ပြန်/ဆက်)**

---

# လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ အဖွဲ့ဝင်များအား လူ့အခွင့်အရေး အသိပညာဗဟုသုတများ တိုးပွားလာစေရန်နှင့် ဘာသာပေါင်းစုံ၏ စုပေါင်းအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ချစ်ကြည်ညီညွတ်စွာ အတူတကွ ပူးပေါင်း ဆောင်ရွက်သွားမည်ဟူသည့်အဖွဲ့၏ ရည်ရွယ်ချက်ကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် Esperado LakeView Hotel ၌ ကျင်းပသည်။





ရှင်းလင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံ အယူအဆအကြောင်းနှင့်စပ်လျဉ်း၍ လူ့အခွင့်အရေး၏ ကျယ်ပြန့်နက်ရှိုင်းသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ လူ့အခွင့်အရေး၏ ဝိသေသလက္ခဏာများ၊ လူ့အခွင့်အရေး အမျိုးအစားများနှင့် လူ့အခွင့်အရေးဆိုင်ရာ သိသင့်သိထိုက်သည့် အကြောင်းအရာများ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း ပေါ်ပေါက်လာပုံနှင့် ကြေညာစာတမ်းပါ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်တို့နှင့် စပ်လျဉ်းသည့် အကြောင်းအရာများ၊ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း ဆောင်ရွက်ချက်များ အကြောင်းတို့ကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက မေးခွန်းများ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၏ နှစ်(၂၀)ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၇**

တနင်္သာရီ သဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၏ နှစ်(၂၀)ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ သုတေသန စာတမ်းရှင်များနှင့် စီမံကိန်းဧရိယာမှ ဒေသခံများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တနင်္သာရီ သဘာဝကြိုးဝိုင်း စီမံကိန်း၏ အဓိကရည်ရွယ်သည့် ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ထိန်းသိမ်းရေးနှင့် ဒေသခံများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးဖြစ်ကြောင်း၊ စီမံကိန်းကာလနှစ်(၂၀)အတွင်း ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနစာတမ်း ၃၅ စောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဒေသခံပြည်သူများကိုလည်း အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖော်ဆောင် ပေးနိုင်ခဲ့ကြောင်း၊ တနင်္သာရီသဘာဝကြိုးဝိုင်းသည် တောရိုင်းတိရစ္ဆာန်များ မှီတင်းနေထိုင်ရာ နေရင်းဒေသတစ်ခုဖြစ်ရုံသာမက ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးရေးကို ယှဉ်တွဲအကောင်အထည်ဖော်နိုင်ကြောင်း ပြသနေသည့် ပြယုဂ်တစ်ခုလည်းဖြစ်သည့် အတွက် ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တနင်္သာရီ သဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက တနင်္သာရီ သဘာဝကြိုးဝိုင်း စီမံကိန်း၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တနင်္သာရီသဘာဝ ကြိုးဝိုင်းစီမံကိန်း၏ နှစ်(၂၀)ပြည့် အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကိုပြသ၍ တေးသရုပ်ဖော်အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ခင်းကျင်းပြသထားသည့် စီမံကိန်းကာလအတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများဆိုင်ရာပိုစတာများနှင့် သုတေသနစာတမ်းဆိုင်ရာ ပိုစတာများကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အခမ်းအနား အပြီးတွင် တနင်္သာရီ သဘာဝကြိုးဝိုင်း၏ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်တွင် ဆောင်ရွက်ရမည့် အခွင့်အလမ်းကောင်းများ ဖော်ထုတ်ခြင်းဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲနှင့် စကားဝိုင်း ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သုတေသနစာတမ်းရှင်များက ကဏ္ဍအလိုက် စာတမ်းများ ဖတ်ကြားခဲ့ပြီး တက်ရောက် လာသူများက ဝိုင်းဝန်းဆွေးနွေး အကြံပြုကြကြောင်း သိရသည်။

သတင်းစဉ်

## ယဉ်ကျေးရိုးရာ ဆက်ထိန်းပါ

- ရိုးရာပုံဟန်
  မြန်မာ့ အတာသင်္ကြန်
  နိုင်ငံအလုံး တပြုံးပြုံး
  စည်းလုံးကြောင်းကိုပြ။
- သမိုင်းတစ်လျှောက်
  တောက်လျှောက်ထိန်းလာ
  မြန်မာ့အတာ
  မမေ့ဘယ်ခါ
  မြန်မာသာမက ကမ္ဘာက။
- မြန်မာအားလုံး
  စည်းလုံးပျော်ရွှင်
  ယဉ်ကျေးအသွင် တီထွင်ခဲ့တာ တို့မြန်မာ။
  လာမည့်မျိုးဆက် အဆက်ဆက်
  ဆက်ထိန်းရမှာ တို့မြန်မာ။

ငြိမ်းငွေစံ

# ဆောင်းရာသီတွင်ဖြစ်ပွားလေ့ရှိသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၇**

ဆောင်းရာသီတွင် ဖြစ်ပွားလေ့ရှိသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ အဆင့်မြင့်အရာရှိကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ တပ်မတော် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ရောဂါနှိမ်နင်းရေးတပ်နှင့် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနမှ တာဝန်ရှိသူများ၊ အငြိမ်းစားပါမောက္ခ ဆရာကြီး ဆရာမကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက ယခုဆောင်းရာသီကာလတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ အဖြစ်များလေ့ရှိပြီး လတ်တလောတွင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ အချို့တွင် အသက်ရှူ လမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ကူးစက်ဖြစ်ပွားမှု မြင့်တက်လျက်ရှိသည့် သတင်းများ ဖော်ပြလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ သတင်းထုတ်ပြန်ချက်အရ လတ်တလောဖြစ်ပွားမှုများတွင် ရာသီတုပ်ကွေး (Influenza A H1N1) ရောဂါသည် ဖြစ်ပွားမှုအများဆုံး ဖြစ်ကြောင်းနှင့် အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါပိုးများဖြစ်သည့် Rhinovirus၊ Respiratory Syncytial Virus၊ Mycoplasma Pneumonia နှင့် Human Metapneumovirus (HMPV)များ ပါဝင်ကြောင်း။

HMPV ရောဂါပိုးသည် ကိုဗစ်-၁၉ ရောဂါနှင့်မတူဘဲ ယခင်ကတည်းက ဖြစ်ပွားနေခဲ့သော ရောဂါပိုးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့၌ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန ဆေးသုတေသန ဦးစီးဌာနတို့မှ ပြုလုပ်ခဲ့သောသုတေသနစစ်တမ်းများအရ နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားမှုရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကူးစက်ဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းစဉ်နှင့် ၂၀၂၃ ခုနှစ်၊ ၂၀၂၄ ခုနှစ်များတွင် ပြုလုပ်ခဲ့သော သုတေသနအချက်အလက်များအရ ပြင်ပလူနာကုဌာနများသို့ လာရောက်ပြသကုသမှု ခံယူခဲ့သူများတွင်လည်း အဆိုပါ HMPV ရောဂါပိုး ကူးစက်ဖြစ်ပွားခဲ့မှုများရှိသည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်ပါ၍ HMPV ရောဂါပိုးသည် ရာသီဥတုအလိုက် ကူးစက်ဖြစ်ပွားမှုရှိနေခဲ့ပြီးဖြစ်သဖြင့် အဆိုပါရောဂါပိုးနှင့် ပတ်သက်၍ မိမိတို့ပြည်သူများအတွင်း ကိုယ်ခန္ဓာခုခံအားစနစ်ရှိနေပြီးဖြစ်မည်ဟု သုံးသပ်ယူဆရနိုင်ကြောင်း။

**ဆွေးနွေးပြောကြား**

ကမ္ဘာ့ကျန်းမာရေး အဖွဲ့က ကူးစက်ရောဂါဖြစ်ပွားမှု အခြေအနေနှင့်ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာနှင့် ဒေသတွင်း ရောဂါဖြစ်ပွားမှု အခြေအနေ သတင်းအချက်အလက်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များနှင့် အကြံပြုချက်များအား စဉ်ဆက်မပြတ်ရယူ၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက် လျက်ရှိကြောင်း၊ ပြည်သူလူထုအနေဖြင့် အထူးစိုးရိမ်ထိတ်လန့်မှုဖြစ်ရန် မလိုကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို လိုက်နာ၍ ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက ဆောင်းရာသီကာလတွင် ဖြစ်ပွားလေ့ရှိသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများနှင့်ပတ်သက်၍ ပြည်သူလူထုမှ ကျန်းမာရေးသတင်းအချက်အလက်များ မှန်ကန်စွာရရှိစေရေး၊ ရောဂါဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်းနှင့် ကုသမှုပေးခြင်းတို့အတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက နိုင်ငံတကာနှင့် ဒေသတွင်း ရောဂါဖြစ်ပွားမှုအခြေအနေ၊ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ပတ်သက်၍ အကြံပြုတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကျုံပျော်မြို့နယ်၌ မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်

**ကျုံပျော် ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲက မြို့နယ်ရောမင်းခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်စိန်ဘွင့်တို့က အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းကို မြို့နယ်အတွင်းရှိ သင်တန်းသား ၃၅ ဦး တက်ရောက်ခဲ့ပြီး အခြေခံကြိုးချည်နည်း၊ ရေတွင်းအသက်ကယ်နည်းစနစ်၊ အသက်ရှူကိရိယာအသုံးပြုနည်းစနစ်၊ ရှာဖွေကယ်ဆယ်ရေးကိရိယာများ လက်တွေ့ကိုင်တွယ်အသုံးပြုနည်းများကို ဇန်နဝါရီ ၆ ရက်မှ ၃၁ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဘဝကို ရိုးသားမှုနဲ့တည်ဆောက်ကြမယ်

ကိုယဉ်ချစ် (မန္တလေး)

**ရိုးသားမှုဟာ လူအချင်းချင်းဆက်ဆံရေးမှာဖြစ်ဖြစ်၊ စီးပွားရေးလုပ်ရာမှာဖြစ်ဖြစ် ရေရှည်တည်မြဲမှုကို ပေးစွမ်းနိုင်ပါတယ်။ ရိုးသားမှုကြောင့် လူတစ်ဦးချင်းစီရဲ့ဂုဏ်သိက္ခာကို မြင့်မားစေပါတယ်။ ဂုဏ်သိက္ခာဟာ တန်ဖိုးကြီးမားတဲ့ ပစ္စည်းတစ်ခုဖြစ်တာကြောင့် အမြတ်တနိုးတန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ကြရပါမယ်။**

ရိုးသားမှုကို ရိုးဖြောင့်မှန်ကန်သောလို့ မြန်မာအဘိဓာန်မှာ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ လက်တင်စကားပုံတစ်ခုမှာလည်း "Honesty give wing to strength ." **"ရိုးသားခြင်းသည် အင်အားကို အတောင်ပံများတပ်ပေးသည်"** လို့ မှတ်သားဖူးပါတယ်။ ရိုးသားသူဟာ သူ့မှာရှိနေတဲ့ စွမ်းအားတွေအပြင် ဂုဏ်သိက္ခာကိုပါ ထပ်မံပိုင်ဆိုင်ကြပါတယ်။

**စရိုက်လက္ခဏာတွေ ကွဲပြားခြားနား**

လူ့လောကကြီးထဲမှာ လူနဲ့ ပတ်ဝန်းကျင်အချင်းချင်း ပေါင်းသင်းဆက်ဆံကြတဲ့အခါ ရိုးသားမှုက ရေရှည်တည်မြဲမှုကို ပေးစွမ်းနိုင်ပါတယ်။ မရိုးသားသူတွေကတော့ တစ်ခါဆက်ဆံပြီးရင် သူ့ရဲ့မရိုးသားမှုကြောင့် နောက်ထပ်မဆက်ဆံလိုကြတော့ပါဘူး။ လူအထွေထွေ စိတ်အမျိုးမျိုးဆိုတဲ့စကားလို လူတွေရဲ့ မွေးရာပါဗီဇတိ၊ ပတ်ဝန်းကျင်နဲ့ သူတို့ကျင်လည်နေတဲ့ အခြေအနေတွေအပေါ်မူတည်ပြီး စရိုက်လက္ခဏာတွေ ကွဲပြားခြားနားကြပါတယ်။ လူ့ဘဝကို ရိုးရိုးသားသားနဲ့ ရပ်တည်နေသူတွေရှိကြသလို မရိုးမသားနဲ့ ဘဝကိုတည်ဆောက်နေသူတွေလည်းရှိပါတယ်။ ဗီဇကောင်းနဲ့ ရှင်သန်နေသူတွေဟာ သူတို့ရဲ့ မျိုးရိုးဂုဏ်သိက္ခာကို အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ကြသလို တချို့ကတော့ မကောင်းတဲ့ပတ်ဝန်းကျင်တွေနဲ့ ထိတွေ့ပြီး ရိုးသားမှုတွေ ပျက်ယွင်းသွားတတ်ကြပါတယ်။

ဥပမာတစ်ခုတင်ပြရရင် လူတစ်ယောက်ဟာ ကုန်ထုတ်လုပ်ငန်းတစ်ခုကို အခြားသူတွေနဲ့ယှဉ်ပြီး လုပ်ပါတယ်။ သူ့ရဲ့ကုန်ပစ္စည်းဟာ အရည်အသွေးကောင်းလို့ နာမည်ကောင်းတစ်ခု ပိုင်ဆိုင်ခဲ့ပြီး စီးပွားရေးကလည်း တိုးတက်လာခဲ့ပါတယ်။

သူအောင်မြင်လာတဲ့အချိန်မှာ အပေါင်းအသင်းတချို့က မကောင်းတဲ့အကြံဉာဏ်တွေ ပေးကြပါတယ်။ အစပိုင်းမှာ သူက လက်မခံပေမယ့် ပိုပြီးကြီးပွားချမ်းသာလိုတဲ့ လောဘစိတ်တွေ ပေါ်လာတော့ သူ့ရဲ့ထုတ်ကုန်တွေထဲမှာ အရည်အသွေးမကောင်းတဲ့ ကုန်ကြမ်းတွေကို ကြားညှပ်အသုံးပြုလာပါတယ်။ ပထမပိုင်းမှာ ပြဿနာမရှိပေမယ့် အချိန်ကြာလာတဲ့အခါ သူ့ရဲ့ဖောက်သည်တွေက သူ့ပစ္စည်းတွေအပေါ် ယုံကြည်မှုနည်းလာပြီး သူ့ထုတ်ကုန်တွေကို အားမပေးကြတော့တဲ့အတွက် စီးပွားရေးပျက်သွားခဲ့ရပါတယ်။ အရင်က ရိုးသားမှုနဲ့သူ့ဘဝကို တည်ဆောက်နိုင်ခဲ့ပေမယ့် မကောင်းတဲ့ ပတ်ဝန်းကျင်နဲ့ပေါင်းမိပြီး မရိုးသားမှုတွေကို အသုံးချမိလိုက်တဲ့အတွက် ကျရှုံးသွားခဲ့ရတာဖြစ်ပါတယ်။

မြန်မာလူမျိုးတွေဟာ ရိုးသားမှုကို အင်မတန် တန်ဖိုးထားကြသူတွေပါ။ တိုင်းရင်းသားတွေရဲ့ ဖြူစင်ရိုးသားမှုတွေကလည်း မြန်မာမှာသာမကဘဲ ကမ္ဘာအထိ ကျော်ကြားပါတယ်။ နေ့စဉ် ထိတွေ့ဆက်ဆံနေကြတဲ့ လူနေမှုဘဝမှာ ရိုးရိုးသားသားနဲ့ ပြုမူဆက်ဆံကြလို့ တည်ငြိမ်အေးချမ်းတဲ့လူနေမှုဘဝတွေကို တည်ဆောက်နိုင်ခဲ့ကြသလို မရိုးသားမှုတွေကြောင့် အချင်းချင်းစိတ်ဝမ်းတွေကွဲပြီး စည်းလုံးညီညွတ်မှုပြိုကွဲသွားတဲ့ အတိတ်သမိုင်းကြောင်းတွေကိုလည်း ကြုံတွေ့ခဲ့ကြရပြီးဖြစ်ပါတယ်။

ရိုးသားသူတွေဟာ ဘယ်လိုအခြေအနေမျိုးတွေနဲ့ ကြုံတွေ့လာပါစေ သူ့ရဲ့ရိုးသားမှုဆိုတဲ့ဂုဏ်ကို အထိပါးမခံကြပါဘူး။ ရိုးသားမှုကို သူတို့ရဲ့ 'ဘဝ'လို့ ခံယူထားကြပါတယ်။ ထိန်းသိမ်းထားတဲ့ ရိုးသားမှုဂုဏ်သိက္ခာကြောင့် သူအသက်ရှင်နေတဲ့ ကာလမှာသာမကဘဲ သားစဉ်မြေးဆက်အထိပါ ရိုးသားမှုကို လက်ဆင့်ကမ်းပေးသွားတတ်ကြပါတယ်။

လူဆိုတာ တွေးခေါ်ဉာဏ်ရှိတဲ့ ခြေနှစ်ချောင်းသတ္တဝါလို့ အဓိပ္ပာယ်ရပေမယ့် လူဆိုတဲ့ဝေါဟာရရဲ့နောက်က တခြားဝေါဟာရတွေ ထည့်ပေါင်းကြည့်လိုက်ရင် လူအမျိုးအစားတွေအမျိုးမျိုး ကွဲပြားသွားပါတယ်။ လူရည်ချွန်၊ လူစွမ်းကောင်း၊ လူဆိုး၊ လူမိုက်ဆိုတဲ့ဝေါဟာရတွေကို မြန်မာအဘိဓာန်မှာ တွေ့နိုင်ပါတယ်။ မြန်မာအဘိဓာန်မှာ မတွေ့နိုင်ပေမယ့် လူဆိုတဲ့ဝေါဟာရနောက်ကို တခြားဝေါဟာရတွေနဲ့ ပေါင်းစပ်သုံးနှုန်းကြည့်တဲ့အခါ လူအမျိုးအစားအမျိုးမျိုးကို တွေ့ရှိနိုင်ပါတယ်။

| | | |
|---|---|---|
| လူတော် | – | ကျွမ်းကျင်လိမ္မာသောသူ |
| လူကောင်း | – | မွန်မြတ်သန့်စင်သောသူ |
| လူရည်ချွန် | – | ကာယစွမ်းရည်၊ဉာဏစွမ်းရည်သူတကာထက် ထူးကဲသာလွန်သူ |
| လူစွမ်းကောင်း | – | လက်ရုံးရည်၊ နှလုံးရည် ထူးကဲသာလွန်သူ |
| လူဆိုး | – | တိုက်ခိုက်လုယက် ညှဉ်းဆဲတတ်သူ၊ စရိုက်ဆိုးသွမ်းသူ |
| လူမိုက် | – | အသိဉာဏ် ဆင်ခြင်တုံတရားကင်းမဲ့သူ၊ မိုက်မဲသူ |
| လူယုတ်မာ | – | အကျင့်အလွန်ယုတ်သူ |
| လူလည် | – | သူတစ်ပါးကိုလှည့်ပတ်၍ ကိုယ်ကျိုးရှာတတ်သူ |
| လူပြိန်း | – | အတွေ့အကြုံ အသိပညာနည်းပါးသူ |
| လူလိမ် | – | မဟုတ်မမှန် လှည့်ပတ်ပြောဆို ပြုမူသောသူ |
| လူပွေ | – | ဟိုဟိုသည်သည် လှည့်လည်ဝင်ရှုပ်သူ |
| လူရှုပ် | – | ကိုယ်နှင့်မသက်ဆိုင်ဘဲ ပါဝင်စွက်ဖက်သောသူ |

> **ရိုးသားတဲ့သူတွေဟာ လူတော်လူကောင်းတွေဖြစ်ကြပါတယ်။ လူတော်လူကောင်းကို ပါဠိလို သပ္ပုရိသလို့ခေါ်ပြီး သူတော်ကောင်းလို့လည်း ဆိုကြပါတယ်။ သူတော်ကောင်းဆိုတာ တော်လည်းတော်၊ ကောင်းလည်းကောင်းတဲ့သူဖြစ်ပါတယ်။ လူတော်ဆိုတာ ပညာအရည်အချင်းကိုကြည့်ပြီး ပြောတာဖြစ်လို့ ပညာတတ်တဲ့သူတွေဖြစ်ပါတယ်။ လူကောင်းဆိုတာက ကိုယ်ကျင့်တရားကောင်းတဲ့သူ၊ သူတစ်ပါးအပေါ် စိတ်နေသဘောထားကောင်းတဲ့သူလို့ ဆိုပါတယ်။ ဝိသေသအားဖြင့် ခွဲခြားမရနိုင်တာကြောင့် လူတော်လူကောင်းလို့လည်း တွဲပြီးသုံးစွဲကြပါတယ်**

လို့ အဓိပ္ပာယ်ရတဲ့ လူအမျိုးအစားတွေကို တွေ့ရှိရပါတယ်။ (တခြားလူအမျိုးအစားတွေလည်း ရှိနိုင်ပါသေးတယ်)။ ဒီလိုကွဲပြားရတဲ့ အခြေခံအကြောင်းရင်းကတော့ လူတွေရဲ့ ရိုးသားမှုနဲ့ မရိုးသားမှုတွေကြောင့် ဖြစ်ပါတယ်။

ရိုးသားတဲ့သူတွေဟာ လူတော် လူကောင်းတွေဖြစ်ကြပါတယ်။ လူတော်လူကောင်းကို ပါဠိလို သပ္ပုရိသလို့ခေါ်ပြီး သူတော်ကောင်းလို့လည်း ဆိုကြပါတယ်။ သူတော်ကောင်းဆိုတာ တော်လည်းတော်၊ ကောင်းလည်းကောင်းတဲ့သူဖြစ်ပါတယ်။ လူတော်ဆိုတာ ပညာအရည်အချင်းကိုကြည့်ပြီး ပြောတာဖြစ်လို့ ပညာတတ်တဲ့သူတွေဖြစ်ပါတယ်။ လူကောင်းဆိုတာက ကိုယ်ကျင့်တရားကောင်းတဲ့သူ၊ သူတစ်ပါးအပေါ် စိတ်နေသဘောထားကောင်းတဲ့သူလို့ ဆိုပါတယ်။ ဝိသေသအားဖြင့် ခွဲခြားမရနိုင်တာကြောင့် လူတော်လူကောင်းလို့လည်း တွဲပြီးသုံးစွဲကြပါတယ်။

လူတော်ဆိုတာ အတတ်ပညာတွေကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ကြတယ်။ ရှိသင့်တဲ့ အသိပညာတွေရှိကြတယ်။ ကျောင်းစာတွေ သင်ယူတတ်မြောက်လာသူတွေရှိသလို အသက်မွေးဝမ်းကျောင်းတဲ့ အလုပ်အကိုင်အတွက် တတ်သင့်တဲ့ အတတ်ပညာတတ်မြောက်သူတွေလည်းရှိပါတယ်။ အတတ်ပညာဆိုတာ သင်ယူလေ့လာမှုတွေက ရလာကြတာဖြစ်လို့ စာတွေ့ အတွေ့အကြုံတွေရှိတယ်။ လုပ်ငန်းခွင်မှာ လုပ်ငန်းနဲ့ပတ်သက်တဲ့ အတွေ့အကြုံတွေရှိပါတယ်။ လူတော်တွေဟာ လေ့လာသင်ယူထားတဲ့ အသိပညာတွေနဲ့ အတတ်ပညာဆိုင်ရာ အသိပညာဝမ်းစာတွေ ဖြည့်ဆည်းနေကြတာဖြစ်လို့ သာမန်လူတွေထက် တော်တဲ့သူတွေ ဖြစ်ကြပါတယ်။

လူကောင်းဆိုတာကတော့ သူတစ်ပါးအကျိုးကို မထိခိုက်စေဘဲ ကိုယ့်အကျိုးကို လုပ်ဆောင်နေတဲ့သူတွေဖြစ်ပါတယ်။ မိမိဘဝတည်ဆောက်ရင်း အများရဲ့အကျိုးစီးပွားကိုလည်း လုပ်ကိုင်ပေးတတ်သူတွေဖြစ်ပါတယ်။ လူကောင်းတွေဟာ –

(၁) သာမန်လူတွေထက် သာလွန်တဲ့အရည်အချင်းကောင်း ပိုင်ဆိုင်သူ
(၂) စိတ်နေသဘောထားပြည့်ဝသူ
(၃) သူတစ်ပါးကို ကိုယ်ရောစိတ်ကိုပါ နာကျင်အောင်မပြုသူ
(၄) အင်အားချည့်နဲ့နေသူကို အနိုင်မကျင့်သူ
(၅) မတရားတဲ့အလုပ်ကို လုပ်ရမှာ ရှက်တတ်၊ ကြောက်တတ်သူ
(၆) ရိုးသားဖြောင့်မတ်သူ
(၇) စည်းကမ်းနဲ့ပြောတတ်၊ လုပ်ကိုင်တတ်သူ
(၈) အတ္တအကျိုးနဲ့ ပရအကျိုးတွေကို မျှတအောင်ပြုတတ်သူ
(၉) ကိုယ်၊ နှုတ်၊ အမူအရာ ယဉ်ကျေးသူ
(၁၀) စိတ်နေသဘောထားတည်ကြည်ပြီး ကတိတည်သူတွေ ဖြစ်ပါတယ်။

လူတော်ဟာ ပညာတတ်မြောက်သူဖြစ်တယ်။ လူကောင်းဆိုတာ ကိုယ်ကျင့်တရားရှိသူဖြစ်ပါတယ်။ လူတော်လူကောင်းဖြစ်ဖို့အတွက် စံသတ်မှတ်ချက်၊ အရည်အချင်းတွေအားလုံးနဲ့ ပြည့်စုံဖို့မလွယ်ပါဘူး။

**လူတော်နဲ့လူကောင်း**

လောကလူသားတွေ အများကြီးရှိကြတာမှန်ပေမယ့် လူတော်လူကောင်းတွေ အင်မတန်နည်းပါးပါတယ်။ လူတော်နဲ့လူကောင်း အဲဒီနှစ်မျိုးမှာလည်း တစ်မျိုးကိုသာ ရွေးချယ်ပါဆိုရင်တော့ လူကောင်းကို ဦးစားပေးရွေးချယ်သင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတော်တော့ဖြစ်ပါရဲ့၊ ပညာတွေလည်းတတ်၊ စည်းစိမ်ဥစ္စာလည်း ပြည့်စုံ၊ ရာထူးရာခံတွေရှိပေမယ့် ကိုယ်ကျင့်တရားမကောင်းရင် အများကိုအကျိုးမပြုနိုင်တဲ့အပြင် အန္တရာယ်ပါဖြစ်စေနိုင်တာကြောင့် ကိုယ်ကျင့်တရားကောင်းတဲ့ လူကောင်းကိုသာ ရွေးချယ်သင့်ပါတယ်။ ရိုးသားမှုကို အလေးထားတတ်တဲ့ လူကောင်းတွေကသာ လူသားကောင်းကျိုးတွေကို ဖော်ဆောင်နိုင်လို့ဖြစ်ပါတယ်။

ရိုးသားသူတွေဟာ စိတ်ထားဖြူစင်တယ်။ စိတ်ထားဟာ အမြဲတမ်းကြည်လင်နေပြီး မဟုတ်မမှန်တာတွေမလုပ်လို့ စိတ်ပိုင်းဆိုင်ရာ အမြဲလုံခြုံနေတယ်။ အမြဲမေတ္တာတရားနဲ့ ဆက်ဆံနိုင်တာကြောင့် ပူပင်သောကတွေ နည်းပါးနေတယ်။ ရိုးသားမှုနဲ့ တည်ငြိမ်အေးချမ်းမှုရှိတဲ့ ဘဝကိုတည်ဆောက်နိုင်တယ်။ မရိုးသားမှုကြောင့် စိတ်ဝမ်းကွဲပြီး ချစ်ကြည်ရင်းနှီးမှုပျက်ပြားမှာ စိုးရိမ်တယ်။ စာနာထောက်ထားမှုတွေနဲ့ အများကောင်းကျိုးကို ဆောင်ကြဉ်းတတ်တယ်။ လောကကို ထိန်းချုပ်နိုင်ကြတယ်ဆိုတဲ့ ဝိသေသဂုဏ်ပုဒ်တွေ ပိုင်ဆိုင်ကြပါတယ်။

မရိုးသားသူတွေကတော့ ကိုယ့်လုပ်ရပ်ကသာ အမြဲမှန်တယ်လို့ မှတ်ယူထားတယ်။ တရားမျှတမှု၊ မမျှတမှု၊ ကောင်းမှု၊ မကောင်းမှုတွေကို ဝေဖန်ပိုင်းခြားနိုင်မှုအားနည်းတယ်။ တစ်ကိုယ်ကောင်းဆန်တဲ့ အကျင့်စရိုက်တွေ ကိန်းအောင်းနေတတ်တယ်။ ကိုယ်လုပ်မယ့်အလုပ်ဟာ ဆိုးကျိုးဖြစ်နိုင်တာကိုသိပေမယ့် လုပ်ကိုင်ထားမိလို့ စိတ်လုံခြုံမှုမရှိ။ ကိုယ့်လုပ်ရပ်က ရောင်ပြန်ဟပ်ပြီး ကိုယ့်ဆီကို ခံစားရမှာကို သိနေလို့ စိတ်တွေဟာ အမြဲပူလောင်နေတတ်တယ်။ ကောင်းမှု(ကုသိုလ်)နဲ့ မကောင်းမှု(အကုသိုလ်) ခွဲခြားသုံးသပ်နိုင်စွမ်း အားနည်းတယ်။ လုပ်သင့်တာနဲ့ မလုပ်သင့်တာတွေ ဝေဖန်ပိုင်းခြားနိုင်မှုမရှိတာကြောင့် မကောင်းတဲ့ဆီကို မရိုးသားမှုက တွန်းပို့ခံနေရမှန်းမသိခံရတတ်ပါတယ်။ မရိုးသားမှုနဲ့ တစ်ဘဝတာ ကြီးပွားချမ်းသာချင် ချမ်းသာနိုင်ပေမယ့် လက်ရှိ ပစ္စုပ္ပန်ကာလနဲ့ နောင်တမလွန်ဘဝတွေမှာ မကောင်းတဲ့လမ်းပေါ်ကိုသာ ရောက်သွားဖို့နီးစပ်ပါတယ်။

လူ့ဘဝဟာ အင်မတန်တိုတောင်းပါတယ်။ ရခဲလှတဲ့ လူ့ဘဝမှာ တစ်ဘဝတာ ခဏတာအကျိုးကိုသာမကြည့်ဘဲ နောင်သံသရာ ဘဝအဆက်ဆက်အထိပါ တွက်ချက်ပြီး လူ့ဘဝကို ရိုးသားမှုနဲ့သာ အသက်ရှင်ရပ်တည်သင့်ပါတယ်။ အသက်ရှင်ရပ်တည်နေရတဲ့ ဘဝတစ်သက်တာကိုလည်း ဂုဏ်သိက္ခာရှိတဲ့ လူသားတစ်ဦးအဖြစ်နဲ့ ဘဝကို ရိုးသားစွာတည်ဆောက်ကြဖို့ တိုက်တွန်းလိုက်ရပါတယ်။ ။

**ကိုးကား**

**– ပါမောက္ခချုပ်ဆရာတော်ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ၏ ကိုယ်ကျင့်တရားသည်သာ လူ့အဆင့်အတန်းတရားတော်နှင့် သူတော်ကောင်းတို့၏ စိတ်နေသဘောထားတရားတော်များ**




# ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"အနောက်မျှော် မီဒီညာတွေရဲ့ သပ်လျှိုသွေးခွဲသတင်းတွေကြားမှာ အစိုးရနဲ့ ပြည်သူအချင်းချင်းကြား သွေးမကွဲဖို့ လိုအပ်နေပြီ"** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ်ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **"လက်နက်ကိုင်သောင်းကျန်းသူများ ထိန်းချုပ်ထားတဲ့နယ်မြေမှာ လူ့အခွင့်အရေးချိုးဖောက်နေတဲ့ အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ် လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်တက္ကသိုလ်၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၇**

မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အနာဂတ်တွင် ဗလငါးတန်နှင့်ပြည့်စုံသော အရည်အချင်းပြည့်ဝသည့်လူငယ်များဖြစ်စေရန်အတတ်ပညာ၊ အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ် အယူအဆမှန်ကန်ရေးသည်လည်း အရေးကြီးကြောင်း၊ "ပညာတန်ဆောင် ပြည်ကျိုးဆောင်အံ့" ဟူသည့် မော်လမြိုင်တက္ကသိုလ်၏ ဆောင်ပုဒ်နှင့်အညီ ဘာသာရပ်ဆိုင်ရာ၊ အနုပညာနှင့် အားကစားပြိုင်ပွဲများတွင် တက္ကသိုလ်ဂုဏ်ဆောင်၊ ပြည်နယ်ဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့်၊ ကိုယ်ရည်ကိုယ်သွေးပြည့်ဝပြီး ထူးချွန်ထက်မြက်သည့် ပညာတတ်လူငယ်များဖြစ်အောင် ကြိုးစားသွားကြရန် ပြောကြားသည်။

**နှုတ်ခွန်းဆက် စကားပြောကြား**

ထို့နောက် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာချစ်စိန်က တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ထူးချွန်လူငယ်အဖြစ် တက္ကသိုလ်ကိုယ်စားပြုရွေးချယ်ခံရသည့် မော်လမြိုင်တက္ကသိုလ် အင်္ဂလိပ်စာအထူးပြုမှ ပထမနှစ်ဂုဏ်ထူးတန်းကျောင်းသူနှင့် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပြည်နယ်ကိုယ်စားပြု မြန်မာ့သိုင်းတုတ်ရှည်(အပြ)ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် မော်လမြိုင်တက္ကသိုလ် ရူပဗေဒအထူးပြုမှ စတုတ္ထနှစ်ကျောင်းသားတို့အား ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



# နေပြည်တော် ပျဉ်းမနားမြို့နယ်၌ မြတ်သုတစာကြည့်တိုက်ဖွင့်

**ပျဉ်းမနား ဇန်နဝါရီ ၇**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ကြံဖိုစုကျေးရွာ၌ မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် မတည်ဆောက်လုပ်သည့် မြတ်သုတစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ကြံဖိုစုကျေးရွာ မြတ်သုတစာကြည့်တိုက်အား နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ ပျဉ်းမနားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေဦးနှင့် ကျေးရွာ ရပ်မိရပ်ဖ ဦးဝင်းဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးထံ လွှဲပြောင်းပေးအပ်ပြီး ကျေးရွာ စာကြည့်တိုက်မှူးထံ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် မြတ်သုတစာကြည့်တိုက် ခြံစည်းရိုးကာရံခြင်းနှင့် ရေလောင်းအိမ်သာ ဆောက်လုပ်ခြင်းအတွက် အလှူငွေကျပ် ၆၅ သိန်းအား စုပေါင်းပါဝင် လှူဒါန်းခဲ့ကြသည့် ဒေသခံပြည်သူများနှင့် mm-link အင်တာနက် တပ်ဆင်ခြင်းနှင့် လစဉ်ဒေတာကြေး အလှူရှင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် နေပြည်တော် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက မြတ်သုတ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပါဝင်လှူဒါန်းပေးခဲ့ကြသည့်စာရေးဆရာ၊ဆရာမကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဟန်သူက နေပြည်တောင်ကောင်စီမှ မြတ်သုတစာကြည့်တိုက်အတွက် လှူဒါန်းသည့် စာအုပ်စာစောင်များအား ပေးအပ်လှူဒါန်းခဲ့ရာ ကျေးရွာစာကြည့်တိုက်မှူးက လက်ခံရယူပြီး နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် မြတ်သုတစာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ စာအုပ်စာပေလေ့လာဖတ်ရှုနေမှုနှင့် စာအုပ်စာစောင်များ ထားရှိမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**



# ဆီဆိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**ဆီဆိုင် ဇန်နဝါရီ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်းရှိ ယုဇနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးလှဝင်းက ပညာရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကာယ၊ ဉာဏထူးချွန်ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး ကျော်သူရနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကျောင်းသားကျောင်းသူများက အကပဒေသာများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၇**

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **မိုး/ဇလ**

# ဗန်းမောက်မြို့၌ ဣစ္ဆာသယ ဇလုံတောင်တော်ဘုရားသို့ ဖူးမြော်ကြည်ညိုနိုင်ရန် ကြော်ငြာဆိုင်းဘုတ်ဖွင့်ပွဲနှင့် ဆိုင်းဘုတ်စိုက်ထူပွဲအခမ်းအနား ကျင်းပ

ဗန်းမောက် ဇန်နဝါရီ ၇

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် အတွင်းရှိ ဣစ္ဆာသယ ဇလုံတောင်တော်ဘုရားသို့ ရပ်ဝေးရပ်နီးမှဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် ကြော်ငြာဆိုင်းဘုတ်ဖွင့်ပွဲနှင့် စိုက်ထူပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်ခန်းမရှေ့ ဗန်းမောက်-ဇလုံတောင် ကားလမ်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ မြို့မကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစိတ္တ၊ ခေတ္တနည်းဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး ဇော်နိုင်ဝင်းနှင့် တာဝန်ရှိသူများက ကြော်ငြာဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ဆက်လက်၍ မြို့နယ်သံဃနာယကဥက္ကဋ္ဌ မြို့မကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစိတ္တက အဖွင့်ဩဝါဒစကားမိန့်ကြားပြီး ဇလုံတောင်တော်ဘုရား ဂေါပက ဦးကျော်ဝေက ဇလုံတောင်တော်ဘုရားသို့ အန္တရာယ်ကင်းစွာ သွားရောက်ဖူးမြော်ကြည်ညိုနိုင်အောင်အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသူများအား ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဆရာတော်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြော်ငြာဆိုင်းဘုတ်အား စိုက်ထူကြပြီး အဆိုပါ ဆိုင်းဘုတ်အား အမွေးနံ့သာရည်များ ပက်ဖျန်းကြကာ ဇလုံတောင်တက်မည့် လိုင်းကားများကိုပါ အန္တရာယ်ကင်း အမွေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





# ရွှေတိဂုံစေတီတော်မြတ်ကြီး၏အကြိမ်(၅၉၀)မြောက် ထုတိအနုမောဒနာချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းထားကြသော ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များအား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က အကြိမ်(၅၉၀) မြောက် ထုတိအနုမောဒနာ ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် တောင်ဘက်မုခ်ရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။

## ပြန်လည်ပေးအပ်

အခမ်းအနားတွင် အလှူရှင်များက အလှူတော်ငွေများပေးအပ်လှူဒါန်းကြရာ အလှည့်ကျသဘာပတိ ဦးမျိုးအောင်ဌေးနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဝိနယ+ဒီဃနိကာယ ပါဠိပါရဂူ ရွှေပြည်သာပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တနာဂိတထံမှ တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာ တရားနာယူကြသည်။

ယနေ့ကျင်းပသော အလှူငွေပေးအပ်လှူဒါန်းပွဲတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှ နိုဝင်ဘာ၂၀ ရက်အထိ ရွှေသင်္ကန်းတော် ရွှေပြားအလှူရှင် ၁၆၀ က ခြောက်ကျပ်သား ရွှေပြား ကိုးချပ်နှင့် တစ်ကျပ်သား ရွှေပြား ၂၃၆ ချပ် စုစုပေါင်းရွှေစင်ရွှေပြားအချပ် ၂၄၅ ချပ် လှူဒါန်းပြီး ငွေသားအလှူရှင် ၁၃၈ ဦး အပါအဝင် လှူဒါန်းငွေစုစုပေါင်း ၂၅၅၂၃၁၂၀၁၉ ကျပ်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တပ်ကုန်းမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား စစ်ဆေး

တပ်ကုန်း ဇန်နဝါရီ ၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး လိုက်လံစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ကင်မွန်းတန်းကျေးရွာအုပ်စု ရတနာ(၂)စက်သုံးဆီအရောင်းဆိုင်အား စစ်ဆေးခဲ့သည်။



ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော် ကြီးကြပ်ပြီး ဒုတိယမီးသတ်ဦးစီးမှူး ဦးသော်ခန့်ဝေနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရတနာ(၂)စက်သုံးဆီအရောင်းဆိုင် ဝန်ထမ်းများအား မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုနည်း ရှင်းလင်းပြသခြင်း၊ အရည်အသွေးပြည့်ဝသော မီးသတ်ဆေးဘူးများထားရှိရေး၊ အရေးပေါ်အသုံးပြုရန် အမြုပ်ရည်ထားရှိရေး၊ ရေစုပ်စက်အရန်သင့်ပြင်ဆင်ထားရှိရေး၊ ဆီသိုလှောင်ကန် စနစ်တကျထားရှိရေးနှင့် ရောင်းချရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်ချက်များကို လိုက်လံစစ်ဆေး၍ မီးမလောင်ခင်နှင့် မီးလောင်လျှင် ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တပ်ကုန်းမြို့နယ်အတွင်း စက်သုံးဆီအရောင်းဆိုင်ပေါင်း ၂၁ ဆိုင်ကို မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

တင်စိုးလွင်

# ပေါင်မြို့နယ်၌ ကျောင်းအခြေပြု တီဘီရောဂါ ကွင်းဆင်းရှာဖွေခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

ပေါင် ဇန်နဝါရီ ၇

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျန်းမာရေးဝန်ကြီးဌာန၏ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း၊ ကျောင်းအခြေပြု တီဘီရောဂါ ကွင်းဆင်းရှာဖွေခြင်း လုပ်ငန်းအစီအစဉ်အရ တီဘီရောဂါစစ်ဆေးရှာဖွေဖော်ထုတ်ခြင်းကို ပေါင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်ပြီးစီးခဲ့သည်။

တီဘီရောဂါ ကွင်းဆင်းရှာဖွေခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းညွန့်ဝင်း ဦးဆောင်မှုဖြင့် ပေါင်မြို့နယ် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၆၄ ကျောင်းရှိ ကျောင်းသား ကျောင်းသူတို့အား တီဘီရောဂါသတိပြုကာကွယ်ရေး အသိပညာပေး ဟောပြောခြင်း၊ ရောဂါရှာဖွေစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။ **မွန်မလေး (ပြန်/ဆက်)**



# ရေတာရှည်မြို့နယ်၌ ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုနည်းပညာပေးဆွေးနွေးပွဲနှင့် သရုပ်ပြပွဲကျင်းပ

ရေတာရှည် ဇန်နဝါရီ ၇

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကြံသီးနှံမျိုးသန့်ခြံ(ဘိုးတော်ကုန်း)၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) စီမံကိန်းဖြင့် ဆောင်ရွက်သည့် ကြံသီးနှံလမိုင်းအထွက်နှုန်းတိုးတက်အောင် စက်ကိရိယာ အသုံးပြု၍ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေး ဆွေးနွေးပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) သကြားထွက်သီးနှံဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ကြံသီးနှံမျိုးသန့်ခြံတာဝန်ခံ ဦးဇော်မြင့်နိုင်တို့က အထွက်နှုန်းပြည့်မီရေး၊ စနစ်တကျစိုက်ပျိုးရေးနည်းလမ်းများကို အသိပညာပေး ဆွေးနွေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ကြံစိုက်ပျိုးသည့် ကျေးရွာအုပ်စုများမှ ကြံစိုက်တောင်သူများ၊ ဌာနဆိုင်ရာများ စုစုပေါင်း အင်အား ၈၀ ခန့် တက်ရောက်ပြီး ကြံသီးနှံစိုက်ပျိုးရေး အထောက်အကူပြု ပစ္စည်းခြောက်မျိုးကို ကြံစိုက်တောင်သူ ၅၀ အား ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၇

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## အင်ဒိုနီးရှားအစိုးရက အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ၊ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများနှင့် ရွှေ့ပြောင်းလုပ်သားများအတွက် ရန်ပုံငွေတည်ထောင်မည်



ဂျကာတာ ဇန်နဝါရီ ၇

အင်ဒိုနီးရှားအစိုးရသည် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ၊ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများနှင့် ရွှေ့ပြောင်းလုပ်သားများအတွက် ချေးငွေရန်ပုံငွေ စုစုပေါင်း ရူပီးယားဘီလျံ ၂၀၀၀၀ကို တည်ထောင်ထားရှိကြောင်း လူမှုစွမ်းအားမြှင့်တင်ရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီး မူဟာမင်အစ်ကန်ဒါက ပြောကြားခဲ့သည်။

ဇန်နဝါရီ ၃ ရက်က အနောက်ဂျာဗားပြည်နယ် ဘိုဂေါရှိ သမ္မတအိမ်တော်တွင်သမ္မတပရာဘိုဝို ဆူဘီရန်တိုဦးဆောင်သည့် အစိုးရအဖွဲ့အစည်းအဝေးတွင် အထက်ပါအတိုင်း သဘောတူညီခဲ့ခြင်းဖြစ်သည်။

ယခုတည်ထောင်မည့် ရန်ပုံငွေသည် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ၊ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများနှင့် ရွှေ့ပြောင်းလုပ်သားများအတွက် အရင်းအနှီးသုံးစွဲမှု မြှင့်တင်ရန်နှင့် ငွေကြေးအဆင်ပြေစေရန် ရည်ရွယ်ကြောင်း မူဟာမင်အစ်ကန်ဒါက ထပ်လောင်းပြောကြားသည်။

အစိုးရသည် အင်ဒိုနီးရှားရွှေ့ပြောင်းလုပ်သားများအတွက် သက်ဆိုင်ရာလုပ်ငန်းသင်တန်းများပေးခြင်း အပါအဝင် အထွေထွေကုန်ကျစရိတ်များအတွက် ၎င်းရန်ပုံငွေကိုသုံးစွဲမည်ဖြစ်သည်။

**ကိုးကား ဂျကာတာပို့စ်၊ ဘာသာပြန် စိုးသူရ**



## တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ရှီကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မြေငလျင်လှုပ်ခတ်

ပေကျင်း ဇန်နဝါရီ ၇

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ရှီကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ခရိုင်တစ်ခုတွင် ဇန်နဝါရီ ၇ ရက် နံနက်က ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် သမ္မတရှီကျင့်ဖျင်က ညွှန်ကြားခဲ့သည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ဆောင်ရာ၌ အစွမ်းကုန်ကြိုးပမ်းရန်နှင့် ဒဏ်ရာရရှိသူများကို ဆေးကုသမှုများဆောင်ရွက်ရန် တာဝန်ရှိသူများအား သမ္မတရှီကျင့်ဖျင်က ထပ်လောင်းညွှန်ကြားခဲ့သည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ရှီကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒင်ဂရီစီရင်စုတွင် ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီ ၅ မိနစ်က ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့ရာ ၉၅ ဦး သေဆုံးပြီး ၁၃၀ ထိခိုက်ဒဏ်ရာရရှိကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

၎င်းမြေငလျင်သည် ဒင်ဂရီစီရင်စု တီဆိုဂိုမြို့နယ်ကိုဗဟိုပြု၍ လှုပ်ခတ်ခြင်းဖြစ်ကာ လက်ရှိအချိန်တွင် ကယ်ဆယ်ရေးဝန်ထမ်း ၃၄၀၀ ကျော်နှင့် ဆေးဝန်ထမ်း ၃၄၀ အား အခင်းဖြစ်ရာဒေသသို့ စေလွှတ်ခဲ့ကြောင်း သိရသည်။ ထို့ပြင်ရွက်ဖျင်တဲများ၊ အနွေးထည်များ၊ ခေါက်ခုတင်များနှင့် ကယ်ဆယ်ရေးသုံးပစ္စည်းများကိုလည်း တာဝန်ရှိသူများက ဖြန့်ဖြူးပေးခဲ့သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်လေတပ်သည် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး အရေးပေါ်အစီအစဉ်ကို ဆောင်ရွက်ခဲ့ပြီး ဆေးဘက်ဆိုင်ရာလေယာဉ်များနှင့် မြေပြင်တပ်ဖွဲ့များကို ကယ်ဆယ်ရေးအတွက် အသင့်ပြင်ထားကြောင်း သိရသည်။

ထို့ပြင် ရှီကျန်းဒေသစစ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၄၀၀ ကျော်အား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငလျင်ဒဏ်သင့်ဒေသသို့ ဖြန့်ကြက်ထားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## အီရန်တပ်မတော်တပ်ဖွဲ့များ နိုင်ငံအလယ်ပိုင်း နျူကလီးယားစက်ရုံများတည်ရှိရာ အစ်ဖာဟန်ပြည်နယ်တွင် လေကြောင်းရန် ကာကွယ်ရေးစစ်ရေးလေ့ကျင့်မှုဆောင်ရွက်

တီဟီရန် ဇန်နဝါရီ ၇

အီရန်တပ်မတော်မှ တပ်ဖွဲ့များသည် နိုင်ငံအလယ်ပိုင်း နျူကလီးယားစက်ရုံများတည်ရှိရာ အစ်ဖာဟန်ပြည်နယ်တွင် ဇန်နဝါရီ ၇ ရက်က လေကြောင်းရန်ကာကွယ်ရေး စစ်ရေးလေ့ကျင့်မှုကို ဆောင်ရွက်ခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

၎င်းလေကြောင်းရန်ကာကွယ်ရေး စစ်ရေးလေ့ကျင့်မှုအား လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့ တပ်မှူး ကွာဒါရာဟင်ဇာဒတ်၏ ညွှန်ကြားမှုဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

၎င်းလေကြောင်းရန်ကာကွယ်ရေး စစ်ရေးလေ့ကျင့်မှုအတွင်း နျူကလီးယားစက်ရုံများတိုက်ခိုက်ခံရပါက အစွမ်းထက်ထိရောက်စွာ ကာကွယ်နိုင်သည့် လျှပ်စစ်သံလိုက်လှိုင်းများကို အသုံးပြု၍ ကာကွယ်ခြင်းအပါအဝင် နျူကလီးယားစက်ရုံများအား လေကြောင်းတိုက်ခိုက်မှုမှ ကာကွယ်ရန် လုပ်ငန်းများဆောင်ရွက်မှုကို အီရန်အစ္စလာမ်မစ်တော်လှန်ရေး အစောင့်တပ်ဖွဲ့၊ အာကာသတပ်ဖွဲ့က လေ့ကျင့်ခဲ့ကြသည်။ ယခုဆောင်ရွက်သည့် လေကြောင်းရန် ကာကွယ်ရေးလေ့ကျင့်မှုသည် အီရန်နိုင်ငံ၏ စစ်ရေးအင်အားကို မြှင့်တင်ခြင်းသာမကဘဲ ပြည်ပနိုင်ငံများက တိုက်ခိုက်လာပါက ကာကွယ်ရန်အသင့်ရှိကြောင်း ပြသခြင်းဖြစ်သည်ဟု အီရန်အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အလီမိုဟာမက်နေအီက ပြောကြားသည်။ ယခုစစ်ရေးလေ့ကျင့်မှုသည် အမေရိကန်တပ်ဖွဲ့က အီရန်နျူကလီးယားစက်ရုံများအား တိုက်ခိုက်ရန်အစီအမံကို အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်က အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အား အစီရင်ခံခဲ့ပြီးနောက် ဆောင်ရွက်ခြင်းဖြစ်သည်။

**ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ**



## တရုတ်နိုင်ငံက သက်ကြီးစောင့်ရှောက်ရေးလုပ်ငန်းများတွင် ဉာဏ်ရည်တုနည်းပညာသုံးစက်ရုပ်များ သုံးစွဲမှုမြှင့်တင်

ပေကျင်း ဇန်နဝါရီ ၇

တရုတ်နိုင်ငံသည် နိုင်ငံ၏သက်ကြီးစောင့်ရှောက်ရေး လုပ်ငန်းများတွင် လူသားတစ်ဦးကဲ့သို့ လုပ်ငန်းဆောင်ရွက်နိုင်သည့် ဉာဏ်ရည်တုနည်းပညာသုံး စက်ရုပ်များသုံးစွဲမှုကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။



ယခုဆောင်ရွက်ချက်သည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနှင့် နိုင်ငံတော်ကောင်စီတို့က ယမန်နှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ချမှတ်ခဲ့သည့် လမ်းညွှန်ချက်များအရ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအပါအဝင် ဆက်စပ်လုပ်ငန်းများတွင် နည်းပညာဖွံ့ဖြိုးမှု မြှင့်တင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်။ ၎င်းလုပ်ငန်းများတွင် အိမ်တွင်း သက်ကြီးရွယ်အိုများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ စနစ်များတပ်ဆင်ခြင်းကို ဆောင်ရွက်မည်ဖြစ်သည်။ အမျိုးသားသက်ကြီးစောင့်ရှောက်ရေး ဆိုင်ရာသတင်းအချက်အလက် စကြံကိုလည်း ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ဆောင်ရွက်မည်ဟု သိရသည်။

**ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ**

## အင်ဒိုနီးရှားနိုင်ငံအား BRICS အဖွဲ့၏ တင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ် တရားဝင်သတ်မှတ်


ဆော်ပေါ်လို ဇန်နဝါရီ ၇

အင်ဒိုနီးရှားနိုင်ငံအား BRICS အဖွဲ့၏ တင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ် တရားဝင်သတ်မှတ်ကြောင်း ဘရာဇီးနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၆ ရက်တွင် ကြေညာခဲ့သည်။

ယခုဆောင်ရွက်ချက်အရ ယခုနှစ် ဘရာဇီးနိုင်ငံက BRICS အဖွဲ့၏ အလှည့်ကျသဘာပတိ တာဝန်ထမ်းဆောင်ချိန်တွင် အဖွဲ့အား အင်အားတိုးချဲ့ခြင်းဖြစ်သည်။ BRICS အဖွဲ့ဝင်နိုင်ငံများအပေါ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ ဆောင်ရွက်ချက်များသည် ကမ္ဘာပေါ်ရှိ အဖွဲ့အစည်းများ၏ အုပ်ချုပ်ရေးစနစ်များ တိုးတက်လာရေးကို အကျိုးကျေးဇူးဖြစ်စေရုံသာမက ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို တိုးတက်စေခဲ့ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံ၏ BRICS အဖွဲ့ဝင်ရောက်ခွင့်ကို ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ဂျိုနက်စဘတ်တွင်ကျင်းပသည့် BRICS အဖွဲ့အစည်းအဝေးတွင် အတည်ပြုခဲ့ပြီး အင်ဒိုနီးရှားအစိုးရသစ် တာဝန်ယူသည့်လက်ရှိအချိန်တွင် တရားဝင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ယခုနှစ်တွင် BRICS အဖွဲ့၏လုပ်ငန်းကဏ္ဍအလိုက် အစည်းအဝေးများကို ကျင်းပမည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

နေပြည်တော် ဇန်နဝါရီ ၇

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃ ရက်တွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၂၄၀၉၉၅၀၀) ကိုလည်းကောင်း၊ ဇန်နဝါရီ ၆ ရက်တွင် သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၁၈၇၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာကိုးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၄၂၁၆၈၅၆၀၇ကျပ်) ကိုလည်းကောင်း၊ အရှေ့ဒဂုံမြို့နယ် Dry Port (ကုန်းတွင်းဆိပ်ကမ်း)၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၄၃၇၂၅၁၆၈ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၈၈၂၆၉၇၂၇၅ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Rayစက် စစ်ဆေးရေးဂိတ်၌ သာမညမှရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၂၈၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး၊ Toyota Hiace တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၈၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ စစ်ကိုင်းမြို့သို့သွားရောက်မည့် ယာဉ်တစ်စီးနှင့် မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၅၁ မျိုး (ခန့်မှန်းတန်ဖိုးငွေ ၂၅၀၉၀၉၆၁ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီး၊ Jin Bei Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသောယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၈၆၉၄၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်း တန်ဖိုးငွေကျပ် ၇၁၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၇၂၄၇၇၉၀၁ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃ ရက်နှင့် ၆ ရက်တို့တွင်ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၄ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၁၁၇၉၉၅၁၇၆ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက်အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# ရမည်းသင်းနှင့် တာချီလိတ်မြို့တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၇

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီက ရမည်းသင်းမြို့ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ်(၂၉၂) နှင့် (၂၉၂/၁)မိုင်ကြားတွင် မျိုးသီဟဇော်(ခ)ဂတုံး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀ ကိုလည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် ရမည်းသင်းမြို့ ရွှေပြည်သာရပ်ကွက်ရှိ ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကိုလည်းကောင်း။

ထိုနေ့နံနက် ၁၁ နာရီတွင် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် မြို့ပတ်လမ်းတွင် အေးဖေ(ခ)အင်းသား မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water သုညဒသမ ၂၃ ကီလိုကိုလည်းကောင်း၊ ကွင်းဆက်အရ နံနက် ၁၁ နာရီခွဲက တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ဟိုတယ်တွင် ထွန်းထွန်းနိုင်(ခ)အားဖူအား စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၁ ဒသမ ၇၄ ကီလိုံ၊ အိုက်စ် တစ်ကီလို၊ အက်တက်စီ ဆေးပြား ၁၈၀၊ စိတ်ပြောင်းဆေးဝါး Happy Water ထုတ်လုပ်ရာတွင် အသုံးပြုသည့် Glucose Powder အမှုန့် ငါးကီလို၊ ဖျော်စက်အသေးတစ်လုံး၊



ထွန်းထွန်းနိုင်(ခ)အားဖူ အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဆက်စပ်ပစ္စည်းများကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၁-၂၀၂၅ ဗုဒ္ဓဟူးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မောရသုတ်၊ဝဋ္ဋသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ရောက်ခဲ့လေသမျှသူ့ဒေသ သူ့အလှ |
| ၀၉:၁၅ | စိုက်ပျိုးမွေးမြူသုတဘဏ် |
| ၁၁:၁၅ | ကမ္ဘာတစ်လွှားအနုပညာသတင်းများ |
| ၁၁:၃၀ | ရှုပ်စုံလင် အာဆီယံအစီအစဉ် |
| ၁၂:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၂၀) |
| ၁၃:၀၅ | သီချင်းကြိုးပဒေသာ |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၄၃) |
| ၁၅:၃၅ | Weekly Soccer Preview |
| ၁၆:၄၀ | မျိုးဂုဏ်တင့်စေ ဆိုကရေးတီးအမွေ |
| ၁၇:၁၀ | ရှေ့သို့ချီမည် ပန်းတိုင်ဆီ |
| ၁၇:၄၀ | NEXT LEVEL |
| ၁၈:၃၅ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၈:၄၅ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၄၉) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၂၁:၁၀ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၂၁:၃၀ | (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး အတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) 'မဟာဇနကဇာတ်တော်ကြီး' (ဒုတိယဆု) (သီရိဇေယျာဇာတ်တော်ကြီးအဖွဲ့) (စစ်ကိုင်းတိုင်းဒေသကြီး) (ဒုတိယပိုင်း) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Suvanna Sama (Hnin Yee Thant) |
| 07:08 | Listening Pleasure, Instrumental Music (Xylophone) Thanthayar Khayee Thae |
| 07:21 | Well-trained Elephants |
| 07:32 | Discovering Tribes "Rvwang" Their Life and Customs |
| 08:01 | News |
| 08:26 | Asia Updates; Sakura |
| 08:34 | Travelogue: Trekking Around Kalaw Township |
| 08:49 | Traditional Myanmar Theatrical Performance: Eain Mhat Pan Che (Symphony Orchestra) |
| 09:01 | Changes in Myanmar's Printing Industry |
| 09:12 | Malikha & Fairy Island |
| 09:25 | The Ornithologist: Dr. Thein Aung |
| 09:55 | K- Pop Live Show (Permission to dance) |
| 10:01 | News |

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
လီဆူရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
သဘာဝဖြစ်တည်တောင်ကွဲအလှရှိရာ ငွေတောင်ပြည်

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဒူးရင်းသီး

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၂)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
စားချင်စရာဝဥဟင်းအရသာ

**ချင်း (လိုင်ဇို) (၁၃:၀၀ မှ ၁၄:၀၀)**
ချင်းရိုးရာ အမဲအူပြောင်းဖူးပြုတ်ချက်နည်း

**ချင်း (ဒိုး) (၁၄:၀၀ မှ ၁၅:၀၀)**
မင်းတပ်မြို့ရဲ့ရိုးရာသီအလှပုံရိပ်များ

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မွန်တို့၏ယုံကြည်ကိုးကွယ်ရာ ဓလေ့ထုံးတမ်းများ

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
အမှောင်ကမ္ဘာထဲမှ စွမ်းအားရှင်လေးများ

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၅)

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဝဘာသာစကားပြောကြရအောင် (ဆွေမျိုးဆိုင်ရာအခေါ်အဝေါ်များ)

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၉:၄၅ | Festivals Around The World |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း(LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'အစ္စရေးနိုင်ငံ' |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကျောင်းမှန်ပုံတက်စာမခတ်' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဆွစ်ဇာလန်နိုင်ငံ' |
| ၁၀:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ကိုရီးယားနိုင်ငံ' (အပိုင်း-၁) |
| ၁၁:၃၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၃၃) |

### MRTV FARMERS' / HTV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၁၅ | ဝါသီးနံ သီးညှပ်စိုက်ပျိုးဝင်ငွေနှစ်ဆတိုး |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၃၅ | June Tour of Our South Garden |
| ၁၉:၂၀ | Massive green bean harvest from the front yard trilles |
| ၁၉:၄၅ | International Music Hits |
| ၂၀:၀၀ | ညို့ (ဇာတ်လမ်း) |
| ၂၂:၀၀ | Hidden.Figures(နိုင်ငံခြားဇာတ်လမ်း) |

### MRTV SPORTS / HTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက် လမ်းပြကြယ် |
| ၀၆:၅၀ | Sports Diary |
| ၀၇:၄၀ | အရှေ့တောင်အာရှသားတို့ရဲ့ မွေ့ရိုးရာလက်ဝှေ့အားကစား |
| ၁၇:၀၀ | အားကစားသတင်း |
| ၂၀:၀၀ | ပွဲမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး U-21 အမျိုးသားဘောလုံးပြိုင်ပွဲ (Replay) |

Scan Here

MRTV · MRTV · MRTV Radio · MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၅)ကျင်းပ

**မုံရွာ ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




**ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်**

ဦးစွာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ယခု ဘဏ္ဍာနှစ်တွင် မိမိတို့တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းများအပါအဝင် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၁၉၉၆၄ ဒသမ ၈၀၀ သန်း ဝင်ရောက်ထားပြီး ထပ်မံ၍ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဝင်ရောက်လာစေရေး ကော်မတီအဖွဲ့ဝင်များက အားပေးဖိတ်ခေါ်သွားကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း လူဦးရေ သိန်း ၅၀ ကျော်ရှိသည့်အတွက် အသားထုတ်လုပ်မှု၊ စားသုံးမှု ဖူလုံပြည့်ဝစေရေးအတွက် ကြက်/ဝက် မွေးမြူရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေ၊ သွပ်၊ သံ၊ သံမဏိ ထုတ်လုပ်သည့်လုပ်ငန်းများကို စက်မှုဇုန်များနှင့် စက်မှုဇုန်ပြင်ပမြေများတွင် မြေယာသုံးစွဲခွင့်လျှော်ထားပြီး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဆင့်ဆင့်သန်းက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များ၏ ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့အတွင်း စိစစ်ကြပ်မတ်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များက မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ယင်းမာပင်မြို့နယ် မြို့သစ်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့နေကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ

**နေပြည်တော် ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် မြို့သစ်ကျေးရွာကို ဇန်နဝါရီ ၅ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့သဖြင့် လူနေအိမ်များ မီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာလုံခြုံရေးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အကြမ်းဖက်သမားများအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားကို မငဲ့ကွက်ဘဲ မြို့၊ ရွာများအတွင်း တရားမဝင် ဝင်ရောက်၍ တိုက်ပွဲများ ဖော်ဆောင်လာခြင်းများကြောင့် မြို့/ရွာများ ပျက်စီးရကြောင်းနှင့် ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ သို့ဖြစ်၍ အကြမ်းဖက်သမားများ ဝင်ရောက်လာမှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနယ်မြေအတွင်း အေးချမ်းတည်ငြိမ်မှုရှိစေရန် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် ပြည်သူများ အထင်




အမြင်လွဲမှားစေရန် တရားမဝင် ပြည်ဖျက်မီဒီယာများက ရည်ရွယ်ချက်ရှိရှိ မဟုတ်မမှန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်္ဂပူမြို့နယ် ပညာရေးငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

**အင်္ဂပူ ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ပညာရေးငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် သဘာပတိအဖြစ် ပညာရေးငွေစုငွေချေးသမဝါယမအသင်း လီမိတက် ဥက္ကဋ္ဌ ဦးမောင်ချိုက အဖွင့်အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါ်မို့မို့ခိုင်က အသင်း၏လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြောကြားသည်။ အသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အစီရင်ခံစာများအား ဖတ်ကြားခဲ့ကြသည်။

ဆက်လက်၍ သဘာပတိက အသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် လျာထားငွေများတင်ပြ၍ အတည်ပြုချက်ရယူပြီး ရှေ့လုပ်ငန်းစဉ်များ၊ အမှုဆောင်ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် အသင်းသား စာရင်းစစ်အဖွဲ့၏ ဘဏ္ဍာနှစ် အစီရင်ခံစာတို့ကို တက်ရောက်လာသည့် အသင်းသားများထံမှ ဆန္ဒခံယူကာ အတည်ပြုချက် ရယူခဲ့သည်။ ထို့နောက် အသင်းသားများ၏ သား သမီးများ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများနှင့် အသင်းသားများထံမှ စုဆောင်းငွေအများဆုံးထည့်ဝင်သူ သုံးဦးအား ဆုများချီးမြှင့်ခဲ့ပြီး သဘာပတိက အမှုဆောင်ဒါရိုက်တာအဖွဲ့အား ပြန်လည်ရွေးချယ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# အမျိုးသားအားကစားပွဲတော်တွင် တံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုညှော်ခံ

ရန်ကုန် ဇန်နဝါရီ ၇

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုညှော်ခံပွဲကို ယမန်နေ့ညပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မြက်ခင်းပြင်၌ ကျင်းပသည်။

ဦးစွာ တေးသံရှင်များက "အနိုင်းမဲ့သောရန်ကုန်" တေးသီချင်းဖြင့် ဖျော်ဖြေ၍ အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးမှ အားကစားသမားများ၏ ပါဝင်ယှဉ်ပြိုင်ခဲ့မှု မှတ်တမ်း Video Clip ကို ပြသသည်။

ယင်းနောက် တိုင်းဒေသကြီးအားကစားနှင့် ကာယပညာကော်မတီနာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ ရေကူးပြိုင်ပွဲနှင့် တိုက်ကွမ်ဒိုပြိုင်ပွဲများမှ ဆုရအားကစားအဖွဲ့တို့အား တိုင်းဒေသကြီး



ဝန်ကြီးချုပ်က ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီးက အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက ကာယဗလနှင့် ကာယကြံ့ခိုင်မှု၊ မသန်စွမ်း၊ မြန်မာ့သိုင်း၊ ဂျူဒို၊ ဝူရှူး၊ ကရာတေး၊ ဗိုဗီနမ်၊ လက်ဝှေ့၊ ကြက်တောင်ရိုက်၊ ပြေးခုန်ပစ်၊ ဖူဆယ်၊ ရိုးရာခြင်းလုံး၊ ဂေါက်သီးရိုက်၊ စားပွဲတင်တင်းနစ်၊ အလေးမ၊ ဘိလိယက်နှင့်စနူကာ၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော၊ ခရစ်ကက်၊ တင်းနစ်နှင့် ဘောလုံးပြိုင်ပွဲများမှ ဆုရအားကစားအဖွဲ့တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် တိုင်းဒေသကြီးအားကစားအဖွဲ့ အောင်နိုင်ရေး အထောက်အကူပြုအဖွဲ့ခေါင်းဆောင်က အားကစားသမားများ၊ အလှူရှင်များကိုယ်စား ဝမ်းမြောက်စကားနှင့် အားကစားအဖွဲ့များကိုယ်စား အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အားကစားအဖွဲ့အနေဖြင့် အားကစားနည်း ၂၃ မျိုးအား ပြိုင်ပွဲဝင် ၄၂၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ ၆၈ ဆု၊ ငွေ ၄၂ ဆု ၊ ကြေး ၃၉ ဆု စုစုပေါင်း ၁၄၉ ဆုဖြင့် ပထမတံခွန်စိုက်ဒိုင်းဆုကြီးကို ရရှိခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

## ပခုက္ကူမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော် ကျင်းပ

ပခုက္ကူ ဇန်နဝါရီ ၇

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယမန်နေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ ပခုက္ကူမြို့ အမှတ်(၅)



အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်းက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်များနှင့် ကျောင်းလုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းကို ရှင်းလင်းပြောကြားပြီး (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်အဆင့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲ ဆုများနှင့် ပညာရည်ထူးချွန်ဆု ရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## ကလေးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်

ကလေး ဇန်နဝါရီ ၇

စစ်ကိုင်း တိုင်းဒေသကြီး ကလေးမြို့တွင် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက် အဆင့်(၃) နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ဆည်တော်ဦးကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကလေးမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်စိုးက ပန်းခင်း စီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းနှင့် ပတ်သက်၍ပြောကြားပြီး ကလေး



ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးတင့်နှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်များကို ဆည်တော်ဦးကျေးရွာ၊ ကျောင်းတိုက်ကျေးရွာ၊ သဖန်းအိုင်ကျေးရွာနှင့် အောင်မြင်သာကျေးရွာတို့မှ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူ ၁၅၆ ဦးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၈၅ | ၃၀၀၀ | ၃၀၆၅ | ၃၀၀၀ | ၃၀၀၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၅ | ၄၅၀၅ | ၃၃၅၀ | ၃၀၇၅ | ၃၀၇၅ | ၃၁၄၅ | ၃၁၁၀ | ၃၁၃၀ | ၃၃၉၀ | ၃၉၀၀ |
| 95 Ron | ၃၀၉၅ | ၃၂၀၅ | ၃၀၇၅ | ၃၀၀၅ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၅ | ၃၁၆၅ | ၄၅၆၀ | ၃၄၅၅ | ၃၁၈၀ | ၃၁၈၅ | ၃၂၅၀ | ၃၂၁၅ | ၃၂၄၀ | ၃၄၉၅ | ၄၀၅၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၇၂၅ | ၂၆၉၅ | ၂၆၃၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၆၅ | ၂၆၈၅ | - | ၂၉၀၀ | ၂၇၀၀ | ၂၇၀၅ | ၂၇၇၅ | ၂၇၄၀ | ၂၇၆၀ | ၃၀၁၅ | ၃၉၀၀ |
| HSD (50 ppm) | ၃၂၂၅ | ၃၃၃၅ | ၃၃၀၀ | ၃၂၃၅ | ၃၃၄၀ | ၃၃၅၅ | ၃၃၇၅ | ၃၂၉၅ | ၄၈၃၀ | ၃၅၈၅ | ၃၃၁၀ | ၃၃၁၀ | ၃၃၈၀ | ၃၃၄၅ | ၃၃၇၀ | ၃၆၂၅ | - |
| HSD (10 ppm) | ၃၂၂၅ | ၃၃၃၅ | ၃၃၀၀ | ၃၂၃၅ | ၃၃၄၀ | ၃၃၅၅ | ၃၃၇၅ | ၃၂၉၅ | - | ၃၅၈၅ | ၃၃၁၀ | ၃၃၁၀ | ၃၃၈၀ | ၃၃၄၅ | ၃၃၇၀ | ၃၆၂၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၁၆ | ၂၉၀၆ |
| 95 Ron | ၂၉၂၀ | ၃၀၁၂ |
| HSD (500 ppm) | ၂၄၅၆ | ၂၅၃၅ |
| HSD (50 ppm) | ၃၀၄၆ | ၃၁၃၇ |
| HSD (10 ppm) | ၃၀၄၆ | ၃၁၃၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



## ပြည်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

ပြည် ဇန်နဝါရီ ၇

ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်မြို့နယ် စာရေးဆရာအသင်းတို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကျင်းပသည်။

ဦးစွာ ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ရွှေဝါဖူးက ပြည်ခရိုင် ပြည်သူ့စာကြည့်တိုက်ရှိ သုတ/ရသ စာအုပ်စာစောင်များကို အခမဲ့လာရောက်လေ့လာဖတ်ရှုနိုင်ရန် ဖိတ်ခေါ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်မြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာ မောင်ထက်ရှား(ပြည်)က စာဖတ်ခြင်းနှင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး ဆွေးနွေးဟောပြောသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက အခမ်းအနားတွင် ခင်းကျင်းပြသထားသော ပြည်ခရိုင် ပြည်သူ့စာကြည့်တိုက်မှ သုတ/ရသစာအုပ်စာစောင်မျိုးစုံနှင့် ကဏ္ဍစုံအသိပညာပေး နံရံကပ်စာစောင်များကို ဖတ်ရှုလေ့လာကြကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် နှစ်သစ်ကူး အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲတက်ရောက်

**စစ်တွေ ဇန်နဝါရီ ၇**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူး အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ လောကာနန္ဒာစေတီတော် ပရိဝုဏ် အတွင်းရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် သာသနာ့ဗိမာန်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကာ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ နှစ်သစ်ကူးအသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားကိုကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များနှင့် ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး မြသိန်းတန်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုန္ဒရ မဟာထေရ်မြတ်ထံမှ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ယင်းနောက် သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီး စစ်တွေမြို့ ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမေဃိယက အနုမောဒနာဂါထာ ဖတ်ကြားတော်မူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး မြို့နယ်သြဝါဒါစရိယ စစ်တွေမြို့ ပညာလင်္ကာရကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဆရာတော် ဘဒ္ဒန္တနာဂိန္ဒ မဟာထေရ်မြတ်ထံမှ အနုမောဒနာ တရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်များသည် နှစ်သစ်ကူးအသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲ အထိမ်းအမှတ်အဖြစ် ကြွရောက်တော်မူကြသော သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ဟိုပုံးမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ဟိုပုံး ဇန်နဝါရီ ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက အဆိုပါကျောင်းရှိ ရွှေရတုခန်းမဆောင်၌ ကျင်းပသည်။




**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းမှ ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး စောအောင်မျိုးနှင့် တာဝန်ရှိသူများက ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက အမှာစကားပြောကြားသည်။

**ဆုများပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း ဒုတိယကျောင်းအုပ်ကြီးဗိုလ်မှူးကြီး စောအောင်မျိုးနှင့် အရာရှိကြီးများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော ကျောင်းသားကျောင်းသူများနှင့်ဂုဏ်ထူးရအောင် သင်ကြားပေးသော ဆရာမများ၊ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ၊ ဗဟိုအဆင့်နှင့် ပြည်နယ်အဆင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် လူရည်ချွန်ရရှိသူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများ၊ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်တွင် ဆုရရှိသူများနှင့် အထိမ်းအမှတ်နေ့ ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# သုံးခွမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာပေါင်းစုံ (အလွတ်တန်း) အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**သုံးခွ ဇန်နဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် (၈)ရပ်ကွက်ရှိ ဘုရင့်နောင် အားကစားကွင်း၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သုံးခွမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား (အလွတ်တန်း)အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဘောလုံးပြိုင်ပွဲကို အသင်းပေါင်း ၁၇ သင်း ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်ပြီး ကွင်းဖွင့်ပွဲအဖြစ် မိကျောင်းကန်ကျေးရွာအသင်းနှင့် ရေပေါ်ကန် ကျေးရွာအသင်းတို့ စတင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



# ရတနာပုံ(မန္တလေး)နန်းမြို့တော်အတွင်းရှိ တံခါးနီမြို့ရိုးကို သုတေသနပြု တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မန္တလေး ဇန်နဝါရီ ၇**

မင်းတုန်းမင်းကြီး မြို့တည်ခဲ့သည့် ရတနာပုံ(မန္တလေး)နန်းမြို့တော်အတွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကို မြို့ရိုးငါးထပ်ဖြင့် ကာရံထားရာ တိမ်မြုပ်ပျောက်ကွယ်နေသည့် တံခါးနီမြို့ရိုးကို ပြန်လည်ဖော်ထုတ် သုတေသနပြု တူးဖော်ရေး လုပ်ငန်းများကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၆ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (မန္တလေး)ဌာနခွဲမှ သိရသည်။



အဆိုပါ တံခါးနီမြို့ရိုးမှာ ဘုရင်မင်းမြတ်စံမြန်းရာ မြနန်းစံကျော် ရွှေနန်းတော်ကြီး၏ နောက်ဆုံးခံစည်းအဖြစ် မင်းတုန်းမင်းကြီးက မြန်မာသက္ကရာဇ် ၁၂၂၀ ပြည့်နှစ်တွင် တံခါးနီမြို့ရိုးကို စတင်အုတ်မြစ်ချ တည်ဆောက်ခဲ့သည်ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (မန္တလေး)ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ဝင်းက ပြောသည်။

"မင်းတုန်းမင်းကြီးက ရတနာပုံ နန်းမြို့တော်ကို မြို့ရိုးငါးထပ်နဲ့ တည်ခဲ့တယ်။ အပြင်မြေမြို့ရိုး၊ ကျုံးကာရံထားတဲ့ အုတ်မြို့ရိုးရှိမယ်၊ သစ်တပ်မြို့ရိုး၊ အတွင်းမြို့ရိုးနဲ့ တံခါးနီမြို့ရိုးတွေ ဖြစ်ပါတယ်။ ခုသုတေသနပြု တူးဖော်နေတဲ့ တံခါးနီမြို့ရိုးကြီးက မြနန်းစံကျော် ရွှေနန်းတော်ရဲ့ နောက်ဆုံးခံတပ်မြို့ရိုးလို့ ပြောလို့ရတယ်။ ပေ၊ ပုရပိုက် အထောက်အထားတွေအရ ရွှေနန်းမြို့တော်၊ အတွင်းမြို့ရိုးကနေ ပေ ၅၀၀ ခန့်အကွာမှာ တံခါးနီမြို့ရိုး ရှိတယ်ဆိုတဲ့ မှတ်တမ်းတွေအရ တူးဖော်ခဲ့ရာမှာ မလွယ်ပေါက်ကို စတွေ့ပါတယ်။ တူးဖော်မှုလုပ်ငန်း ဆောင်ရွက်ရာမှာ ကွင်းဆင်းတယ်၊ တိုင်းတာတယ်၊ စမ်းသပ်ကျင်းတွေတူးပြီး ပြန်လည် ဖော်ထုတ်တူးဖော်မှုကို လုပ်ဆောင်ပါတယ်"ဟု ၎င်းက ပြောသည်။

တံခါးနီမြို့ရိုး၏ သမိုင်းအထောက်အထားများအရ မူလက အရှည် ပေ ၁၀၀၀ ကျော်ခန့်နှင့် အမြင့် ၁၆ ပေခန့်ရှိခဲ့ရာမှ ပြန်လည်တူးဖော်ရေး လုပ်ဆောင်ချိန်တွင် အောက်ခြေအုတ်မြစ်မှ အမြင့် သုံးပေခန့်သာတွေ့ရှိတော့ကြောင်းနှင့် လက်ရှိတွင် လမ်း၏ မြောက်ဘက် ၇၅ ပေနှင့် တောင်ဘက် ၇၅ ပေ အရှည်ထိ သုတေသနပြုတူးဖော်ထားပြီး မူလကပါဝင်သည့် စွယ်ရမ်း(တံခါးအစောင့်ဝန်ထမ်းများ နေထိုင်ရာနေရာ) ကိုလည်းတွေ့ရှိခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် သုတေသနပြု တူးဖော်သည့် လုပ်ငန်းမှာ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ မူလလက်ရာမပျက် ရှေးမူအတိုင်း အများပြည်သူ ကြည့်ရှုလေ့လာနိုင်စေရန် ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အာရှဖလား အမျိုးသမီးခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်း ပဏာမကစားသမား ၁၇ ဦးသို့ လျှော့ချ

**ရန်ကုန် ဇန်နဝါရီ ၇**

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း နည်းပြချုပ်ဘန်လက်ချာယိုဝန်သည် ဇန်နဝါရီ တတိယပတ်တွင် ယှဉ်ပြိုင်ရမည့် ၂၀၂၅ အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲအတွက် ပဏာမကစားသမား ၁၇ ဦးသို့ လျှော့ချလိုက်သည်။

**လေ့ကျင့်နေခြင်းဖြစ်**

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ဒီဇင်ဘာ ၁၉ ရက်မှစ၍ ပဏာမကစားသမား ၂၁ ဦးဖြင့် လေ့ကျင့်ခဲ့ပြီး ယခုရက်ပိုင်းအတွင်း ကစားသမား လေးဦး လျှော့ချကာ စုစုပေါင်း ၁၇ ဦးဖြင့် လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် အပြီးသတ်ကစားသမား ၁၄ ဦးကိုမူ ခြေစစ်ပွဲယှဉ်ပြိုင်ခါနီးမှသာ ရွေးချယ်မည်ဖြစ်သည်။



မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း လေ့ကျင့်နေစဉ်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းတွင် ပဏာမကစားသမားများအဖြစ် ဂိုးသမား- ချောစန္ဒီအောင်၊ သရဖီအောင်၊ ယဉ်ယဉ်မိုးနိုင်၊ ကစားသမား- ယွန်းမီမီလွင်၊ နန်းဆိုင်ပရင်၊ မေဇင်ဦး၊ ယမင်းသန့်ဇင်၊ ဆုဝါလွင်၊ ဝတ်ရည်လွင်၊ ယမင်းလွင်၊ မေသက်ပိုင်၊ ဂျီမိုးညီ၊ ဇင်ငြိမ်းချစ်၊ ဆက်နွယ်နီ၊ နှင်းစန္ဒာလှိုင်၊ သူဇာလှိုင်၊ အေးအေးထွေးတို့ ပါဝင်သည်။

မြန်မာအသင်းသည် အာရှဖလား အမျိုးသမီးခြေစစ်ပွဲတွင် အုပ်စု (D)၌ ဗီယက်နမ်၊ တရုတ်တိုင်ပေ၊ မကာအိုအသင်းတို့နှင့် ကျရောက်နေပြီး ယင်းအုပ်စုပွဲများကို ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့ရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကို အုပ်စုလေးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံး နှစ်သင်းစီနှင့် တတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း ကိုးသင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MFF**

# MFF ဖူဆယ်လိဂ်-၁ နှင့် လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၄) ဆက်လက်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၇**

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၁ နှင့် လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၄) ကို ဇန်နဝါရီ ၈ ရက်နှင့် ၉ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ဖူဆယ်လိဂ်-၂ ပြိုင်ပွဲပွဲစဉ် (၄) ကို ဇန်နဝါရီ ၈ ရက် (ယနေ့) ကျင်းပမည်ဖြစ်ပြီး Pacific Sun Far အသင်းနှင့် 7 Dragon အသင်း၊ ရွှေပြည်သာယူနိုက်တက်အသင်းနှင့် 7 Brother အသင်း၊ Black Cross အသင်းနှင့် Gold Dream အသင်း၊ KKY အသင်းနှင့် JZ Yangon အသင်း၊ Maryar အသင်းနှင့် YCDC Marga အသင်း၊ လက်ဝဲသုန္ဒရအသင်းနှင့် TG United အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၃) အပြီးတွင် Pacific Sun Far အသင်းက ခုနစ်မှတ်၊ TG United အသင်း၊ JZ Yangon အသင်းနှင့် 7 Dragon အသင်းတို့ က ခြောက်မှတ်စီ၊ KKY အသင်းနှင့် Gold Dream အသင်းတို့က ငါးမှတ်စီ၊ 7 Brother အသင်း၊ လက်ဝဲသုန္ဒရအသင်း၊ YCDC Marga Youth အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့က သုံးမှတ်စီ၊ Maryar အသင်းနှင့် Black Cross အသင်းတို့က တစ်မှတ်စီ ရရှိထားသည်။

ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ် (၄) ကို ဇန်နဝါရီ ၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး MH Dream Team အသင်းနှင့် YRG အသင်း၊ M2K အသင်းနှင့် YCDC Marga အသင်း၊ Generations အသင်းနှင့် VUC အသင်း၊ Winner Soccer အသင်းနှင့် MIU အသင်း၊ ဖူဆယ်ချစ်သူအသင်းနှင့် SGF အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၃) အပြီးတွင် MIU အသင်းက ကိုးမှတ်ဖြင့် ဦးဆောင်နေပြီး MH Dream Team အသင်းက ခုနစ်မှတ်၊ Generations အသင်းက ငါးမှတ်၊ VUC အသင်းနှင့် M2K အသင်းတို့က လေးမှတ်စီ၊ YCDC Marga အသင်းနှင့် SGF အသင်းက သုံးမှတ်စီ၊ YRG အသင်းနှင့် Winner Soccer အသင်းတို့က နှစ်မှတ်စီ၊ ဖူဆယ်ချစ်သူအသင်းက တစ်မှတ်တို့ ရရှိထားသည်။

**ကိုညီလေး**

**❍ အာဆီယံကလပ်မှ**

ဇန်နဝါရီ ၈ ရက် (ယနေ့) တွင် အုပ်စု (A) တတိယနေ့အဖြစ် မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် မလေးရှားကလပ် တီရန်ဂါနူးအသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ထိုင်းနိုင်ငံ၌ ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်းနှင့် ဗီယက်နမ်ကလပ် ထန်ဟွာအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကမ္ဘောဒီးယားကလပ် Preah Khan Reach Svay Rieng အသင်းနှင့် အင်ဒိုနီးရှားကလပ် မာကာဆာအသင်း၊ ဇန်နဝါရီ ၉ ရက်တွင် အုပ်စု (B) တတိယနေ့အဖြစ် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ဖိလစ်ပိုင်နိုင်ငံ၌ ဖိလစ်ပိုင်ကလပ် ကာယာအသင်းနှင့် ဗီယက်နမ်ကလပ် ဟန္တိုင်းအသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်တွင် စင်ကာပူကလပ် Lion City Sailors အသင်းနှင့် မလေးရှားကလပ် ကွာလာလာမ်ပူစီးတီးအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် ထိုင်းကလပ် ဘူရီရမ်ယူနိုက်တက်အသင်းနှင့် အင်ဒိုနီးရှားကလပ် ဘော်နီယိုအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စု (A) တွင် အင်ဒိုနီးရှားကလပ် မာကာဆာအသင်း၊ ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်းနှင့် ဗီယက်နမ်ကလပ် ထန်ဟွာအသင်းတို့က လေးမှတ်စီ၊ ကမ္ဘောဒီးယားကလပ် Preah Khan Reach Svay Rieng အသင်းက သုံးမှတ်၊ မလေးရှားကလပ် တီရန်ဂါနူးအသင်းက တစ်မှတ်၊ မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းက အမှတ်မရသေး၊ အုပ်စု (B) တွင် ဗီယက်နမ်ကလပ် ဟန္တိုင်းအသင်းနှင့် မလေးရှားကလပ် ကွာလာလမ်ပူစီးတီးအသင်းတို့က ခြောက်မှတ်စီ၊ ထိုင်းကလပ် ဘူရီရမ်ယူနိုက်တက်အသင်းနှင့် အင်ဒိုနီးရှားကလပ် ဘော်နီယိုအသင်းတို့က သုံးမှတ်စီ၊ ဖိလစ်ပိုင်ကလပ် ကာယာအသင်းနှင့် စင်ကာပူကလပ် Lion City Sailors အသင်းတို့က အမှတ်မရသေးပေ။

အုပ်စုပထမနှင့် ဒုတိယပွဲများကို ၂၀၂၄ ခုနှစ် ဩဂုတ်နှင့် စက်တင်ဘာလတို့တွင် ကျင်းပခဲ့ပြီးနောက် သုံးလကြာရပ်နားခဲ့ပြီး လက်ကျန်ပွဲများကို ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတို့တွင် ကျင်းပမည်ဖြစ်သည်။ အုပ်စုတစ်ခုစီမှ နှစ်သင်းသာ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည်ဖြစ်ရာ နှစ်ပွဲရှုံးထားသည့် ရှမ်းယူနိုက်တက်အသင်းအနေဖြင့် လက်ကျန်သုံးပွဲတွင် နိုင်ပွဲရယူနိုင်မှသာ မျှော်လင့်နိုင်မည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-သော်ကြီး**

**☆ ကျောဖုံးမှ**

ဇယား(အဆင့် ၄) နေရာမှာပဲ ဆက်လက်ရပ်တည်ခွင့်ရရှိခဲ့ပြီး ရိုးမားအသင်းကတော့ လာဇီယိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယား(အဆင့် ၄) နေရာက ပြိုင်ဘက် လာဇီယိုအသင်းနဲ့ ၁၂ မှတ်အကွာရမှတ် ၂၃ မှတ်နဲ့ အီတလီစီးရီးအေအမှတ်ပေးဇယား (အဆင့် ၁၀) နေရာကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

လက်ရှိ အီတလီစီးရီးအေပြိုင်ပွဲတွင် နာပိုလီအသင်းက အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေပြီး အတ္တလန်တာအသင်းက ဒုတိယ၊ အင်တာမီလန်အသင်းက တတိယစသဖြင့် အသီးသီးရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**တစ်လှေတည်းစီး တစ်ခရီးတည်းသွား တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြားပြည်ထောင်စုရဲ့ နှလုံးသား**

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄။ လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထု တစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

## လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။

၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

**သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင်ဆက်သွယ်ရန်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ရုံးအမှတ်(၂၃)၊ နေပြည်တော်

၂၄ နာရီဆက်သွယ်ရန် - ၀၆၇ - ၃၄၀၄၆၆၆၊ ၀၆၇ - ၃၄၀၄၇၇၇

Email - ddmrelief.lm@gmail.com, reliefupper2020@gmail.com, myanmareoc.rrd@gmail.com

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
## တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာသင်တန်းကျောင်း
## ဒီပလိုမာ(၁)နှစ်သင်တန်း အမှတ်စဉ်(၂)အတွက်
## သင်တန်းသားသစ်ခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာသင်တန်းကျောင်း၏ ၂၀၂၅ခုနှစ် မေလတွင် ဖွင့်လှစ်သင်ကြားမည့် တိရစ္ဆာန်ဆေးကု ဒီပလိုမာ (Diploma in Veterinary Science) (၁)နှစ်သင်တန်း အမှတ်စဉ်(၂)သို့ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်-

၁။ လိုအပ်သောအရည်အချင်း
- (က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ သိပ္ပံဘွဲ့ရရှိသူ ဖြစ်ရမည်။
- (ဂ) လျှောက်လွှာပိတ်ရက်ဖြစ်သည့် (၂၈-၁-၂၀၂၅)ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်ရ။ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၏ ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်ရ။ အိမ်ထောင်ရှိသူမဖြစ်ရ။
- (ဃ) သင်တန်းပြီးဆုံးသည်အထိ တက်ရောက်နိုင်သူ ဖြစ်ရမည်။
- (င) သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် သတ်မှတ်သင်တန်းကြေးများ ပေးသွင်းရမည်။
- (စ) သင်တန်းအောင်မြင်ပြီးနောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် ဒု-လက်ထောက်ဦးစီးမှူးရာထူးမှ စတင်ထမ်းဆောင်ရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းအဖြစ် (၅)နှစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- (ဆ) သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းသို့ မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းကိုပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေ(၃၀၀၀၀၀ိ/-)ကျပ်သုံးသိန်းတိတိကို ပေးဆောင်ရန်နှင့် သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကိုဆက်လက် မထမ်းဆောင်လျှင် သတ်မှတ်ထားသော လျော်ကြေးငွေ (၁၀၀၀၀၀၀ိ/-) ကျပ်တစ်ဆယ်သိန်းတိတိကိုပေးဆောင်ရန် ကတိခံဝန်စာချုပ် ချုပ်ဆိုနိုင်သူဖြစ်ရမည်။
- (ဇ) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ထောက်ခံချက်ဖြင့် လျှောက်ထားရမည်။

၂။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
- (က) ဘွဲ့လက်မှတ်မိတ္တူ(၁)စောင်နှင့် တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူ (၁)စောင်
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ(၁)စောင်
- (ဂ) (၆)လအတွင်းရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံနှင့် ဓာတ်ပုံ၏ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ဖော်ပြရန်
- (ဃ) အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲစခန်း၏ ထောက်ခံစာ(မူရင်း)(၁)စောင်
- (င) သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ ကျန်းမာကြောင်း ဆေးထောက်ခံစာမူရင်း (၁)စောင်
- (စ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းတက်ရောက်ရန် ခွင့်ပြုကြောင်း ထောက်ခံချက် (မူရင်း)(၁)စောင်

၃။ လျှောက်လွှာပုံစံများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၆)တွင် လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်၊ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း အခမဲ့ရယူနိုင်သည်။

၄။ လျှောက်လွှာများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၃၆)သို့လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများသို့လည်းကောင်း (၂၈-၁-၂၀၂၅)ရက်နေ့ နောက်ဆုံးထားပေးပို့ရန်နှင့် ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲဖြေဆိုရမည့် ခုံအမှတ်စာရင်းနှင့် ဖြေဆိုရမည့် အစီအစဉ်အသေးစိတ်တို့ကို မိမိတို့လျှောက်လွှာတင်ပို့ခဲ့သည့်ရုံးများမှ တစ်ဆင့် အသိပေးကြေညာသွားမည်ဖြစ်သည်။

၅။ အသေးစိတ်သိရှိလိုပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)၊ ဖုန်း-၀၆၇-၃၄၀၈၄၇၈ နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂)၊ မြေကွက်အမှတ်(၅၁၂) ဟုခေါ်တွင်သော အိမ်အမှတ်(၅၁၂)၊ စံပယ်ဦး(၁)လမ်း၊ (၅၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဦးထူးအောင် (ဘ) ဦးတူးတူး[၁၂/ဒဂမ(နိုင်)၀၂၂၀၅၈] အမည်ပေါက် ပေ(၅၀x၆၀) ကျယ်ဝန်းသည့် နှစ်(၆၀) ဂရန်မြေကွက် အနက်မှတရားဝင်မခွဲစိတ်ရသေးသော အိမ်အမှတ်(၅၁၁)နှင့်ကပ်လျက် (၂၅ပေx၆၀ပေ) ကျယ်ဝန်းသည့် ဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးစိုး (ဘ) ဦးလှသောင်း [၁၂/မရက(နိုင်)၀၀၃၃၆၁]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ရုံးထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP)** | **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၈၈၅၀၃၂၃၁၅**

## ဖခင်အမည်ပြောင်း ကြေညာခြင်း

နေပြည်တော်၊ Wisdom Hill Private School၊ Grade(9)မှ မယွန်းခန့်မီမီဩနှင့် Grade(4)မှ မမှူးခန့်မီမီဩတို့အား ကိတ္တိမသမီးများအဖြစ် မွေးစားပြီးဖြစ်ပါ၍ ၎င်းတို့၏ ဖခင်အမည်မှာ ဦးစွမ်းရည်မိုး [၉/ကပတ (နိုင်) ၀၃၂၁၃၇] ဖြစ်ပါကြောင်း။

**ဦးစွမ်းရည်မိုး**

## "ပျောက်ဆုံးကြောင်း"

Galaxico Co.,Ltd မှ အောက်ပါ Import Declaration များပျောက်ဆုံးသွားပါသဖြင့် ID များမှာ 110693, 121135,149272, 100183972230, 100185858730, 100188504950, 100189193420, 100201336101, 100194128160, 100188145262, 100192793040 ထို ID များတွေ့ရှိပါက ဖုန်း 09-254734734 သို့ ဆက်သွယ်ပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၃-သုဝဏ္ဏ၊ မြေကွက်အမှတ်- ၆၇၊ မြေကွက်တည်နေရာအမှတ် (၂၁၀)၊ အင်ကြင်းမြိုင်လမ်းသွယ်(၂)လမ်း၊ (၂၃)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဒေါ်ခင်အေးအေးမြင့် [၁၂/အစန(နိုင်)၀၂၆၃၁၁] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဒေါ်ခင်အေးအေးမြင့်(မိခင်)နှင့် ဦးဘဝင်း(ဖခင်)တို့ အသီးသီးကွယ်လွန်ကြသဖြင့် ဦးဝင်းမြင့်ဦး [၁၂/အစန(နိုင်)၀၂၆၉၁၀]၊ ဒေါ်ခင်စန္ဒာဝင်း [၁၂/အစန(နိုင်) ၀၂၆၃၁၂]၊ ဒေါ်ခင်နီလာဝင်း [၁၂/အစန(နိုင်) ၀၂၆၃၁၄]၊ ဒေါ်ခင်ဥမ္မာဝင်း [၁၂/အစန(နိုင်) ၀၂၆၃၁၃]တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သား/သမီးများတော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ- ၁၉၇၅/၂၀၂၄ (၂၆-၄-၂၀၂၄)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထွေထွေကိုယ်စားလှယ်လွှဲစာအား
## ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း
## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃) ရပ်ကွက်၊ စေတနာ (၄)လမ်း၊ အမှတ်-၄၉၅ နေ ဦးမိုးဦး (ဘ) ဦးကျော်ဝင်း [၁၂/ဗဟန(နိုင်) ၀၀၁၇၃၇] ကိုင်ဆောင်သူမှ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အောင်ချမ်းသာလမ်း၊ သုဝဏ္ဏ၊ အမှတ် (၁)နေ ဦးဥက္ကာကျော် (ဘ) ဦးမိုးဦး [၁၂/ဒဂမ(နိုင်) ၀၃၁၃၈၆] ကိုင်ဆောင်သူတို့ (၁၆-၂-၂၀၂၄) ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာနံပါတ်- ၅၁၇/၂၀၂၄ ဖြင့် လွှဲအပ်ပေးထားခဲ့ပါသည်။

ဦးမိုးဦးမှ ဦးဥက္ကာကျော်ထံသို့ လွှဲအပ်ထားခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာနံပါတ်- ၅၁၇/၂၀၂၄ အား ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးအေးဝင်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၅၃၉/၃၁-၅-၂၀၁၈)**
**အမှတ်- ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၄၀၈၆၂၃**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ကျောက်တံတားမြို့နယ်တရားရုံး
## ၂၀၂၄-ခုနှစ်၊ တရားမကြီးမှုအမှတ်- ၆

| | | |
|---|---|---|
| ဦးဟမ်ဆာ | နှင့် | ဦးသိန်းထွန်း |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၁၀၄)၊ ပထမထပ်နေ ဦးသိန်းထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဟမ်ဆာက မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ- ၁၂(၁)(က) ပထမပိုင်းနှင့် အိမ်လခမပေးပျက်ကွက်သည့်အတွက် နှင်ထုတ်လိုမှုအား လျှောက်ထားစွဲဆိုထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အမှုကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၅-ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက် (၁၃၈၆-ခုနှစ် ပြာသိုလဆုတ် ၁၁ ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါရှိသူ လျှောက်ထားသူမှ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်တကွ သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၃)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေထူးအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ကျောက်တံတားမြို့နယ်တရားရုံး**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၄) ဖြင့် ချီးမြှင့်အပ်နှင်းသော ဘွဲ့တံဆိပ်များအနက်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး **ဒေါက်တာအောင်ကြီး (B.V.S)**အား **ဝဏ္ဏကျော်ထင်**ဘွဲ့တံဆိပ်ကို ပေးအပ်ချီးမြှင့်ခံရသည့်အတွက် ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင်အဖွဲ့မှ လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

**ဥက္ကဋ္ဌနှင့်အကျိုးတော်ဆောင်အဖွဲ့ဝင်များ**
**ဧရာဝတီတိုင်းဒေသကြီးဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး**
**အကျိုးတော်ဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၀. Phase-2)၊ လူနေရပ်ကွက်အမှတ်- တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ မြေကွက် အမှတ် (၂၅၂ +၂၅၂/၄)၊ ဧရိယာ (၁၁.၈၈၂)ဧက အကျယ်အဝန်းရှိ ဒေါ်စပါယ် အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော ယာယီမြေကွက်အမှတ် (Plot No.102)၊ အကျယ်အဝန်း (2400 sqft)ခန့်ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို မူလအမည်ပေါက် ဒေါ်စပါယ် [၁၂/ဗဟန(နိုင်)၀၈၂၈၄၄]ထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည့် City Proterties Co., Ltd. ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နိုင်ဇာလွင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၈)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉ ၄၃၁၄၄၆၆၇**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးသောင်းတင်၏သား မောင်အောင်မျိုးမင်း [၁၂/မဘန(နိုင်) ၁၄၂၇၀၃]၏ နိုင်ငံကူးလက်မှတ် အမှတ် (MF-793793) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-425838509**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၄/ သဘော်ကျင်း၊ မြေကွက်အမှတ်- က/၁၃၄၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်-၂၁၊ ၆ လမ်း၊ သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးကျော်စိုးနိုင် (PTW-၀၀၃၅၃၃) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဦးကျော်စိုးနိုင်အပေါ် တရားပြိုင်ထားကာ ဦးစံလွင်မှ တရားလိုပြုလုပ်၍ ဒေါပုံမြို့နယ်တရားရုံး၌ ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၇ ဖြင့် ပဋိညာဉ်အတိုင်း မြေနှင့်အိမ် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၃၀-၅-၂၀၂၃)ရက်စွဲပါ စီရင်ချက်ဒီကရီအမိန့်နှင့် တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၊ ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၁၁/၂၀၂၃၏ (၂၂-၆-၂၀၂၃)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၏ ၃၀-၆-၂၀၂၃ ရက်စွဲပါစာအမှတ်၊ ၁၃၉(က)/၁၃-၁/၂၀၂၃ ဖြင့် ဘီလစ်ခန့်စာတို့အရ တရားရုံးများကိုယ်စား ဘီလစ် ဦးဆောင်းလွင်ဦး [၁၂/တမန (နိုင်) ၀၂၉၅၃၁]မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ မြေခွန်ပြေစာတို့တင်ပြ၍ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၄)၊ မြေကွက်အမှတ်(၆၃၅)၊ မြေကွက်တည်နေရာအမှတ်- (၆၃၅)၊ ဂန့်ဂေါရိပ်သာလမ်း၊ (၁၆/၄) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဒေါ်ထွေးလှ [၁၂/သဃက(နိုင်) ၀၂၅၄၄၅] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ထွေးလှ ကွယ်လွန်သဖြင့် သား/သမီးများဖြစ်ကြသော ဒေါ်သိန်းသိန်းအေး၊ ဦးသစ်လွင်၊ ဒေါ်ဘေဘီ (ကွယ်လွန်သူ ဦးကျော်လှိုင်၏ဇနီး) ၊ ဒေါ်မြင့်မြင့်ရီ (၁ မှ ၄ တရားပြိုင်များ၏ အခွင့်ရကိုယ်စားလှယ် ဒေါ်ဥမ္မာမြင့်)၊ ဒေါ်ခင်သန်းဝင်းတို့ကို တရားပြိုင်ထားကာ ဒေါ်စန္ဒာအောင်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်စုစုအောင်)မှ သဃ်န်းကျွန်းခရိုင် တရားရုံး တရားမကြီးမှုအမှတ်- ၁၀၁၇/၂၀၂၂ (၆-၁-၂၀၂၃)၏စီရင်ချက်၊ တရားမဇာရီမှုအမှတ်- ၂၅/၂၀၂၃ (၁၂-၅-၂၀၂၃)၏ ထုံးပုံကျအပြီးသတ် အမိန့်တို့ဖြင့် တရားရုံးကိုယ်စား ဘီလစ် ဒေါ်မေသူအောင်မှ ချုပ်ဆိုပေးသည့် အရောင်းအဝယ်စာချုပ်အမှတ်- ၃၇၄၄/၂၀၂၄ (၁၅-၅-၂၀၂၄)ဖြင့် တရားဝင်မခွဲစိတ်ရသေးသော မြေကွက်ကြီး၏ အစိတ်အပိုင်း (Portion) (၆၀ပေx ၂၀ပေ)ကို ဝယ်ယူထားသူ ဒေါ်စန္ဒာအောင် [၆/ထဝန(နိုင်) ၀၇၀၁၇၉]မှ အရောင်းအဝယ်စာချုပ်မူရင်း၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ တစ်ဖတ်သက် မြေတိုင်းနှင့် မြေကွက်ခွဲလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၊ လူနေရပ်ကွက်အမှတ်- ၉၊ နန်းသီတာပန်းခြံလမ်း၊ မြေကွက်အမှတ်-၅၄၁ (က)၊ အကျယ်ပေ (၂၀x၆၀)ရှိ ဒေါ်ချမ်းငြိမ့်သွေး အမည်ပေါက် နှစ်(၆၀)ဂရန် ထွက်ရှိထားသော မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်အား ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်ချမ်းငြိမ့်သွေးထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူ ဦးကောင်းမြတ်ထွန်း [၁/မကန(နိုင်) ၁၁၆၉၇၁]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးအောင်ကိုဦးနှင့် ဒေါ်ကေသီဟန်တို့မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
|---|---|
| **၁။ ဦးအောင်ကိုဦး** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁၂/ရပသ(နိုင်)၀၅၅၀၄၂]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **၂။ ဒေါ်ကေသီဟန်** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊** |
| **[၁၂/လမန(နိုင်)၁၅၅၄၄၄]** | **(၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| **အမှတ်-၄၆၈(က)၊ မဟာမြိုင်လမ်း၊** | **ဖုန်း ၀၉-၅၁၈၉၆၈၉** |
| **(၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** | |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ ကန်ညီနောင်လမ်း၊ မြေကွက်အမှတ် (၄၄၀)၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် **ဒေါ်စန္ဒာတင် [၅/စကန(နိုင်) ၀၀၇၅၈၈]** အမည်ဖြင့် မှတ်သားတည်ရှိသော နှစ် (၆၀) ဂရန်မြေကွက်ဖြစ်ပြီး အမည်ပေါက်သူထံမှ ဆက်စပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက် ရရှိထားကြောင်း၊ အရှုပ်အရှင်းမရှိ ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း **ဒေါ်အေးသီတာကျော် [၁၂/စခန (နိုင်) ၀၅၅၇၃၃]** က ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါကပိုင်ဆိုင်ကြောင်း အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်သန္တာလွင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၆၅)**

**အမှတ် (၃၈၈)၊ အေးမြသာယာလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း - ၀၉-၄၄၃၂၁၈၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့ သစ်(မြောက်ပိုင်း)မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉) ၊ အင်ကြင်းမြိုင်လမ်း ၊ မြေကွက်အမှတ်(၁၀၀၆) မြေအကျယ်အဝန်း (၄၄x၆၀)ပေရှိ ဦးလှမြင့်အမည်ပေါက် ဂရန်မြေအမျိုးအစား မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော(၂၂x၆၀) ပေဂရန်မူရင်းခြမ်းမြေကွက်နှင့် ရေ၊ မီးပါဝင်သော နေအိမ်အား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ကေဇင်ထိုက် [၁၂/သဃက(နိုင်)၁၅၄၆၂၃]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဆန်းဝင်း [၁၂/ဥကတ(နိုင်)၀၄၇၅၆၃] မှ အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ် စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြေညာစာထုတ်သည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ရွှေစင်မင်း ( LL.B ) DL.101 WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**

**အမှတ်(၇၈၃)၊ ဗိုလ်ရာညွန့်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉-၇၇၆၅၅၁၁၆၉**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(UE -1တိုးချဲ့)၊ သီးသန့်(၁)လမ်း၊ မြေကွက်အမှတ်(၇၅၁) မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးမောင်သိန်းအမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်ထဲမှ (၁၀x ၆၀)ပေ ပါမစ်မိတ္တူခြမ်းမြေကွက်အား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ဖြူဖြူသစ် [၁၂/လမန(နိုင်)၀၆၆၉၃၀]မှ ဥပဒေနှင့်အညီတရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်ဝင်းပပအောင် [၁၂/ဒဂရ(နိုင်)၀၀၄၄၁၃] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြေညာစာထုတ်သည့်နေ့မှစ၍ ( ၇ ) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ရွှေစင်မင်း ( LL.B ) DL.101 WIPO(Switzerland)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**

**အမှတ်(၇၈၃) ၊ဗိုလ်ရာညွန့်လမ်း ၊(၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉-၇၇၆၅၅၁၁၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ နယ်မြေ(၁၀)၊ အေးရိပ်မွန်(၂)၊ ဗိုလ်ချုပ်တောင်ကွင်း၊ ကွင်းအမှတ်(၆၇၅/A)၊ ဦးပိုင်အမှတ်(၅၆/၁၂၊ ၅၉၊ ၆၀/၁၊ ၆၁/၁၊ ၆၂/၁)၊ ဧရိယာ(၆)ဧကအနက်၊ ပေ(၂၀x၆၀)ရှိ မြေကွက်အမှတ်(၆၄) မြေကွက်လွတ်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အားလုံးကို တရားဝင် လက်ဝယ်ထားရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူ ဒေါ်ကျော်မီမီနိုင်[၁၂/ကတန(နိုင်)၁၁၆၇၂၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဌေးဌေးလှိုင်[၁၂/ဒပန(နိုင်)၀၄၉၉၁၆]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေ၍ အရောင်းအဝယ် စရန်ပေးစာချုပ် ချုပ်ဆိုထားပြီး ဖြစ်ပါသည်။ သို့ပါ၍ ဤမြေကွက် အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများ၊ တိကျခိုင်လုံသော သက်သေအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းမြေကွက်အား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဌေးဌေးလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နွေးနွေးအိ (LL.B) အထက်တန်းရှေ့နေ(စဉ်-၄၇၅၂၅)**

**ဖုန်း-၀၉-၂၆၀၄၀၂၀၀၃**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်(၈၆၇/က)၊ မြေကွက်တည်နေရာအမှတ်(၈၆၇)၊ ရန်ကြီးအောင်လမ်း၊ (၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (ဒေါ်စွဲမိုးမိုးနွယ်) [၁/မညန(နိုင်)၀၀၀၀၇၁]၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ကိုယ်တိုင်မှ နှစ်(၆၀)ဂရန်မူရင်း (ချကိုက်ပျက်စီး)၊ ဂရန်ပျက်စီးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင် ဝန်ခံချက်နှင့် ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန် မိတ္တူ လျှောက် ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် နှစ်ထပ်ခွဲတိုက်အဆောက်အဦ တစ် လုံးရှိပြီး လျှောက် ထားသူ ကိုယ်တိုင်နေထိုင်ပြီး ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဒေါ်စွဲမိုးမိုးနွယ်မှ ဂရန်မိတ္တူ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သွေးသည် အသက်

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၄)ရပ်ကွက်၊ စဉ့်အိုးတန်းလမ်း၊ အမှတ်(၁၃၈)တွင် နေထိုင်သူ ကျွန်တော် ဦးဝင်းထွန်း (ဘ)ဦးမောင်မောင်[၁၂/လသန(နိုင်)၀၀၁၃၀၈] ကိုင်ဆောင်သူနှင့် ဒေါ်သဲသဲဖြူ (ဘ)ဦးထွန်းအောင် [၁၄/မအပ(နိုင်)၃၈၀၉၄၈] ကိုင်ဆောင်သူတို့သည် (၉-၁၂-၂၀၁၆)ရက်နေ့၌ နှစ်ဦးသဘောတူ ထိမ်းမြားလက်ထပ်ခဲ့ရာ သားသမီး(၃)ဦး ထွန်းကားခဲ့ပါသည်။ သို့ရာတွင် ယခုအခါ ဒေါ်သဲသဲဖြူသည် (၂-၁-၂၀၂၅)ရက်နေ့မှစ၍ မိမိသဘောဆန္ဒအလျောက်နေအိမ်မှ ထွက်သွားပါသဖြင့် ဒေါ်သဲသဲဖြူနှင့် ပတ်သက်သော ကိစ္စအဝဝမှန်သမျှသည် ကျွန်တော်နှင့် သက်ဆိုင်ခြင်းမရှိဘဲ လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းထွန်း**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၈)ရပ်ကွက်၊ ဓမ္မရတနာလမ်း(ခ)ညေဝတီလမ်း၊ မြေကွက်အမှတ်(၂၆၄/က)(အလျား၂၀ပေx အနံ၆၀ပေ)၏ ဒေါ်လှကြူ [၁၂/လကန(နိုင်)၀၀၆၆၃၇]အမည်ပေါက်ပါမစ်မြေကွက်၊ မြေကွက်အမှတ်(၂၆၅/က) (အလျား၂၀ပေ x အနံ၆၀ပေ)၏ ဦးဝင်းရွှေ(HGU - ၁၂၉၁၀၈) အမည်ပေါက်ပါမစ်မြေကွက်၊ မြေကွက်အမှတ်(၂၆၅/ခ) (အလျား၂၀ပေx အနံ၆၀ပေ)၏ ဦးစိန်လှိုင်(HGU - ၁၀၅၁၄၅) အမည်ပေါက်ပါမစ်မြေကွက်ဟု ခေါ်တွင်သည့် စုစုပေါင်း အကျယ်အဝန်း (အလျား၆၀ပေxအနံ၆၀ပေ)ရှိ မြေကွက်(၃) ကွက်တွဲ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** ဦးမျိုးသိန်းထိုက် [၁၂/အစန(နိုင်)၀၆၂၃၃၅]မှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြသွင်[၁၂/သကတ(နိုင်)၁၀၇၇၂၆]မှ ဝယ်ယူရန်အတွက် စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် (၃)ကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်မာသည့် စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်ခင်ဌေး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၀၁၅) (၁၄-၂-၂၀၁၇)**

**အမှတ်(၁၄၀၅)၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊**

**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၈၁၈၂၂**

## "လက်ထပ်ပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော မောင်ရန်နိုင်ကိုကိုနှင့် မခင်မြို့သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မြိတ်မြို့၊ ကျောက်ဖျာကျေးရွာအုပ်စု၊ အဒွင်းရွာနေ ဦးစိန်ဝင်းနှင့် ဒေါ်တင်တင်ဌေးတို့၏သား မောင်ရန်နိုင်ကိုကို [၆/မမန(နိုင်) ၁၁၉၅၈၅]နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀) ရပ်ကွက်၊ အသဃ(၂၄)လမ်း၊ အမှတ်-(၈၉၈)နေ ဦးစိန်သောင်း နှင့် ဒေါ်ခင်သန်းတို့၏သမီး မခင်မြို့သူ [၁၂/ဥကတ(နိုင်) ၁၇၂၂၈၈]တို့သည် (၄-၁-၂၀၂၅)ရက်နေ့တွင် မိမိတို့၏လွတ်လပ်သောသဘောဆန္ဒအရ တောင်ဥက္ကလာပမြို့နယ်နေအိမ်တွင် လက်ထပ်ပြီးစီးပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်ရန်နိုင်ကိုကို နှင့် မခင်မြို့သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဟေမာန်သိမ့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ် -၁၄၈၂၁)**

**ဦးခန့်ဇော်ဇော် (LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ် -၅၄၆၂၈)**

**အမှတ်(၆၉၅)၊ မေတ္တာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉-၄၃၁၀၅၈၉၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၄ ရပ်ကွက်၊ သုမန (၄)လမ်း၊ အမှတ်- ၆၈၆ ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ၇½ ထပ်တိုက်၏ တိုက်ခန်းများထံမှ ၄ လွှာ [4-A] အကျယ်အဝန်း (၂၅ပေ ၆လက်မx ၅၁ပေ) တိုက်ခန်းအား တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်မိုးရှိန် [၆/မအရ(နိုင်) ၀၂၇၈၉၇]+ဒေါ်စောယုမွန် [၉/မနမ(နိုင်)၀၉၈၈၂၄]တို့ထံမှ ဦးထက်အောင်ကျော် [၁၁/စတန(နိုင်)၀၆၉၇၇၈]+ ဒေါ်ခင်သန္တာဦး [၁၁/စတန(နိုင်) ၀၆၈၆၈၁]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုး၏ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထက်အောင်ကျော် + ဒေါ်ခင်သန္တာဦး**
**အမှတ်- ၃၈၈၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၅၀၀၀၂၇၃၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြေကွက်အမှတ်(၇၀)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ၊ (၈)ထပ်တိုက်အဆောက်အဦ၏ ခြေရင်းခန်း၊ ဒုတိယထပ်(၃-လွှာ)၊ (အလျား ၁၂½ပေx အနံ ၆၃ပေ) အကျယ်အဝန်းရှိ တိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မေသန္တာသန့် [၁၂/ပဇတ(နိုင်) ၀၃၁၁၁၅]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း)(LL.B)** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **LL.B, D.B.L, D.I.L, D.M.L,** |
| **Ph: 09-954280932** | **WIPO(Switzerland)** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph: 09-420080932, 09-983837110** |

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

**အလုံခရိုင်တရားရုံးတော်**

**၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၀၈ နှင့်ဆက်နွယ်သည့် ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၂**

ဒေါ်အေးမေ(၎င်း၏ အခွင့်ရကိုယ်စားလှယ်ဦးသန်းစိုး) } { ဦးအောင်ကျော် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်နီလာအောင်)

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ စက်မြေရပ်ကွက်၊ ထီးတန်းလမ်း၊ အမှတ် (၅၇)နေ ဦးအောင်ကျော်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်နီလာအောင်) သိစေရမည်။

၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၀၈ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်၊ (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၁ ရက်)နေ့ မွန်းမတည့်မီ (၁၀) နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဦးဘသောင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**အလုံခရိုင်တရားရုံး**

## အမည်ပြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ် (အဖ) ဦးဇာနည်ရဲအောင် [၁၂/စခန(နိုင်) ၀၆၆၄၁၈] (အမိ) ဒေါ်အေးသီတာမြင့် [၁၂/ဒဂတ (နိုင်) ၀၅၉၉၈၇] တို့၏ သမီး Kings International (Yr-5)တွင် ပညာသင်ကြားနေသော မကြယ်စင်ယွန်းအား မယွန်းရတီအောင်ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

တရားမပုံစံအမှတ် ၃၃

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၁ နှင့် ၅)**

**သာကေတမြို့နယ်တရားရုံးတော်၌**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၄၀**

ဒေါ်လှဲ့လှဲ့ဝင်း နှင့် ၁။ ဒေါ်အေးအေးကြွယ်
၂။ ဦးသိန်းလွင်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/တောင်)ရပ်ကွက်၊ မေယုလမ်းသွယ်၊ အမှတ် (၃၃၈/ခ)နေ တရားပြိုင် ဒေါ်အေးအေးကြွယ်၊ ဦးသိန်းလွင် (ယခု နေရပ်လိပ်စာမသိသူ )သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်လှဲ့လှဲ့ဝင်းက ပဋိညာဉ်စာချုပ်ပါအတိုင်း အိမ်ခြံမြေအား တရားဝင်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု ဆောင်ရွက်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ၊ (၂၁)ရက်နေ့၊ ၁၃၈၆ ခု၊ ပြာသိုလဆုတ် (၈)ရက်၊ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ကိုကို)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ လူနေရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၄၈၃/က) ဟုခေါ်တွင်သော သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မာန်ပြေ (၁၁)လမ်း၊ အမှတ်(၄၈၃/က) ဦးလှဌေး အမည်ပေါက် နှစ်(၆၀) ဂရန်မြေ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်လက်ရှိဖြစ်ပြီး ၎င်းမှတရားဝင် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလှဌေးထံမှ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မို့မို့သော်(စဉ်-၉၉၂၅/၂၀၁၄)** **ဒေါ်ဥမ္မာခင် (စဉ်-၉၆၃၂/၂၀၁၄)**

**တရားလွှတ်တော်ရှေ့နေများ**

**ဖုန်း-၀၉-၄၃၀၇၃၈၁၅၊ ၀၉-၇၈၁၀၁၉၀၀၆**

တရားမပုံစံအမှတ် ၁၄၁

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ၃၇၃)**

**မော်လမြိုင်ခရိုင်တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၆၃**

ကွယ်လွန်သူ **ဒေါ်သင်းငွေ(ခ)ဒေါ်တင်ငွေ**၏ ကျန်ရစ်သောပစ္စည်းအကြောင်း။

**၁။ ဦးဝင်းထွန်း၊ ၂။ ဦးဟန်ထွေး၊ ၃။ ဦးသိန်းထွန်း** လျှောက်သူ။

**မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကလိန်ပဒေါကျေးရွာနေ ၁။ ဦးဝင်းထွန်း၊ ၂။ ဦးဟန်ထွေး၊ ၃။ ဦးသိန်းထွန်း** က ကွယ်လွန်သူ **ဒေါ်သင်းငွေ(ခ)ဒေါ်တင်ငွေ၏ (၁) အမွေစားအမွေခံသားများ** ဖြစ်သည်ဟူ၍

**မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကလိန်ပဒေါကျေးရွာ**နေ ၎င်းကွယ်လွန်သူ **ဒေါ်သင်းငွေ(ခ)ဒေါ်တင်ငွေ** မှာ ကျန်ရစ်သော ပစ္စည်းများထဲမှ **မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ အံခဲကျေးရွာ၊ ကွင်း/အကွက်အမှတ် O.S.S/(၁၁)၊ အကွက်အမည် (ကြေးတိုင်ပြင်)၊ ဦးပိုင်အမှတ် (၆၆)၊ မြေအမျိုးအစား(RR)၊ မြေချိန်ဧရိယာ (၄.၅၇)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ **ဒေါ်သင်းငွေ(ခ)ဒေါ်တင်ငွေ**မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၄ ရက်)နေ့**တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ **၁။ ဦးဝင်းထွန်း၊ ၂။ ဦးဟန်ထွေး၊ ၃။ ဦးသိန်းထွန်း**၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်/မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

**၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့** ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်ဆင့်စာခလွတ်။
ငွေ..........ရရှိပြီး။

**(ဌေးမင်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မော်လမြိုင်ခရိုင်တရားရုံး**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ**

## ASEAN Chartered Professional Engineering Coordinating Committee မှ ထုတ်ပေးသော ACPE လက်မှတ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ထုတ်ပေးသော မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်အသီးသီး ချီးမြှင့်ခြင်းဆိုင်ရာ အခမ်းအနားအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ (၁၂) ကြိမ်မြောက် အာဆီယံပဋိညာဉ်ခံ အင်ဂျင်နီယာပညာရှင် (ASEAN Chartered Professional Engineer) (ACPE) လက်မှတ်အမှတ်-08058/ MM မှ 08065/MM ထိ၊ (၈) ကြိမ်မြောက် မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင် (Registered Limited Professional Engineer) (RLPE) လက်မှတ်အမှတ်-0024/MM၊ (၃) ကြိမ်မြောက် မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာ (Registered Limited Engineer) (RLE) လက်မှတ်အမှတ်-0012/MM၊ (၁၂) ကြိမ်မြောက် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် (Registered Professional Engineer) (PE) လက်မှတ်အမှတ်-1227 မှ 1318 ထိနှင့် (၁၀) ကြိမ်မြောက် မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာ (Registered Senior Engineer) (RSE) လက်မှတ်အမှတ်-3919 မှ 4153 ထိ ရရှိပြီး သူများအား လက်မှတ်ချီးမြှင့်ခြင်းအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည် –

၂။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ | - | ၁၅-၂-၂၀၂၅ (စနေနေ့) |
| ကျင်းပမည့်နေရာ | - | Function Hall (မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီ) |
| ကျင်းပမည့်အချိန် | - | နံနက် (၉:၀၀) နာရီ |
| အစမ်းလေ့ကျင့်မည့်ရက် | - | ၁၄-၂-၂၀၂၅ (သောကြာနေ့) |
| အစမ်းလေ့ကျင့်မည့်အချိန် | - | နံနက် (၉:၀၀) နာရီ |

၃။ မှတ်ပုံတင်လက်မှတ်အသီးသီးရယူမည့်သူများသည် သတ်မှတ်လျှောက်လွှာပုံစံ ဖြည့်စွက်၍ အခမ်းအနားအတွက် သတ်မှတ်ငွေကြေးဖြစ်သည့် တက်ရောက်ပုဂ္ဂိုလ်များအတွက် ကျပ် ၅၀၀၀၀/- နှင့် အဝေးရောက်ပုဂ္ဂိုလ်များအတွက် ကျပ် ၄၀၀၀၀/- ကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး One Stop Service Center သို့ လာရောက်စာရင်းပေးသွင်းခြင်းဖြင့်သော် လည်းကောင်း (သို့မဟုတ်) **KBZ Bank Account Number (235 503 235 001 41501)** တွင်ပေးသွင်းကာ မိမိတို့၏ အမည်နှင့် သက်ဆိုင်ရာအင်ဂျင်နီယာ မှတ်ပုံတင်လက်မှတ်အမှတ်စဉ် (နံပါတ်) များကိုဖော်ပြ၍ ဘဏ် ငွေသွင်းချလံနှင့်အတူ (mengc.reception@gmail.com) သို့ (၃၁-၁-၂၀၂၅) ရက်နေ့ နောက်ဆုံးထားပေးပို့ဆောင်ရွက်ကြရန်ဖြစ်ပါသည်။

၄။ အခမ်းအနားတက်ရောက်သူ အမျိုးသားများသည် အမျိုးသားဝတ်စုံဖြစ်သော ပုဆိုး၊ ရှပ်အင်္ကျီလက်ရှည်၊ လည်ကတုံး၊ တိုက်ပုံ (ခေါင်းပေါင်းမပါ) ဖြင့်လည်းကောင်း၊ အမျိုးသမီးများ သည် လုံချည်၊ ရင်ဖုံးအင်္ကျီလက်ရှည် (ပုဝါပါ) ဖြင့်လည်းကောင်း စနစ်တကျဝတ်ဆင်၍ ကိုယ်တိုင်တက်ရောက်ရန် ဖြစ်ပါသည်။

၅။ အဝေးရောက်ယူရန် လျှောက်ထားသူများကိုလည်း သတ်မှတ်စည်းကမ်းများနှင့်အညီ (၃) လ အကြာတွင် မှတ်ပုံတင်လက်မှတ်များကို ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၆။ သတ်မှတ်လျှောက်လွှာပုံစံများကို **MEngC One Stop Service Center** တွင်လည်းကောင်း၊ **MEngC Facebook Page** မှလည်းကောင်း ရယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ **One Stop Service Center** တွင် လာရောက်မေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ်(၅/က) ခရေပင်လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း : ၀၁-၂၃၁၆၈၈၄, ၀၉-၂၆၇၂၆၆၂၀၀
Website : https://myanmarengc.org
e-mail : mengc.reception@gmail.com

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး(တောင်)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- ကြီးပွားရေး(တောင်)၊ မြေကွက်အမှတ်(၄၇၇/က)၊ အောင်သပြေ(၁)လမ်း၊ အမှတ်(၄၇၇/က)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၃)ထပ်ခွဲတိုက်ခန်းများထဲမှ မြေညီ၊ (ခြေရင်းခြမ်း) တိုက်ကိုမျက်နှာမူလျှင် (ဝဲဘက်)အခြမ်းနှင့် အကျယ်အဝန်း (၁၁ပေခွဲx ၅၇ပေ)ရှိ တိုက်ခန်း**ကို ဒေါ်မေဝင်း [၁၂/သဃက(နိုင်)၀၂၆၅၉၁]မှ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်ကိုဝင်း [၉/မရတ(နိုင်)၁၃၀၄၉၅]မှ ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်သည့်အတွက် အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့်စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ခင်ဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၀၁၅) (၁၄-၂-၂၀၁၇)**
**အမှတ်(၁၄၀၅)၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၁၈၁၈၂၂**

## "ကန့်ကွက်နိုင်ပါကြောင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ဦးပေါ်ဦးလမ်း၊ အမှတ်- ၁၅၁၀၊ အမည်ပေါက် ဦးစိုးမြင့် (ISN-၁၀၁၄၇၆) မြေချပါမစ်မြေအမျိုးအစားမြေကွက်၊ မြေအကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ)ရှိ မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေအကျယ်အဝန်း (အလျား ၂၀ ပေx အနံ ၆၀ ပေ)ရှိ (ခေါင်းရင်းခြမ်း) မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်**တို့အား အဆင့်ဆင့်ဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိခဲ့ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ **ဒေါ်ဝါဝါဝင်းရွှေ [၅/ဟမလ(နိုင်) ၁၂၁၉၉၇]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်ဥမ္မာဝင်း [၂/လကန(နိုင်)၀၇၇၅၃၅]**မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်စန္ဒီကိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၇၈)**
**အမှတ် (၁၆၁)၊ ဗိုလ်ချုပ်လမ်း၊ ကျိုက်ပိုင်း၊ မရမ်းကုန်းမြို့နယ်။ ဖုန်း- ၀၉-၇၆၇၇၉၇၉၈၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ၁၀ လမ်း (A ဘလောက်)၊ တိုက်အမှတ်(၇)၊ အခန်း(၂၀၃)တွင်တည်ရှိသော အခန်းနှင့် လူနေထိုင်ခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စာချုပ်အဆက်စပ်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိပြီး တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ကြည်ကြည်မြင့် [၁၂/ကတတ(နိုင်)၀၀၉၂၁၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဆွေလင်း [၁၂/ဒပန(နိုင်)၀၀၁၈၁၅]သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးနောက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာခြည်ဖြိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၈၀၆)**
**အမှတ်(၃၄/၄၉)၊ G-3 Strand Condo၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-09-420780262**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မြရွှေ
**အသက် (၇၉) နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ပြည်တော်သာရပ်ကွက်၊ (၄) လမ်း၊ အမှတ်(၁၈၅)နေ ဦးအောင်ဆန်းဦး(ဒုတိယအမြဲတမ်းအတွင်းဝန်၊ နယ်စပ်ရေးရာဝန်ကြီးဌာန)-ဒေါ်ဝင်းဝင်းအေးတို့၏မိခင် ဒေါ်မြရွှေ အသက် (၇၉)နှစ်သည် ၇-၁-၂၀၂၅ (အင်္ဂါနေ့) နံနက် ၇:၄၀ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**နယ်စပ်ရေးရာဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး**
**အရာထမ်း၊ အမှုထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### သူရဦးအောင်ထက်
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန**
**အသက်(၈၉)နှစ်**

သူငယ်ချင်း ဦးကျော်ကျော်ထက်-ဒေါ်နီလာအောင်တို့၏ ဖခင် သူရဦးအောင်ထက်သည် ၆-၁-၂၀၂၅(တနင်္လာနေ့) ည ၁၀:၅၉ နာရီတွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၃)ဗိုလ်လောင်းသင်တန်း**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### မုဖ်သီမုဟမ္မဒ်ကာစင်(ခ)မုဖ်သီဦးစန်းအောင်(B.Sc)
**ဥက္ကဋ္ဌ၊ ကုရ်အာန်အသိပညာပြန့်ပွားရေးအဖွဲ့ (SEQK)**
**အသက် (၆၈)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သီရိမွန်(၂)လမ်း၊ အမှတ်(G-11)နေ ဟာဂျီမ ဒေါ်ခင်သန်းမြင့်၏ ခင်ပွန်း၊ မုဖ်သီမုဟမ္မဒ်ကာစင်(ခ)မုဖ်သီဦးစန်းအောင်(B.Sc) (ဥက္ကဋ္ဌ၊ ကုရ်အာန်အသိပညာပြန့်ပွားရေးအဖွဲ့(SEQK)၊ ဆုတောင်းပြည့်အစ္စလာမ်ဝတ်ကျောင်းတော်)သည် ၅-၁-၂၀၂၅ (တနင်္ဂနွေနေ့) မွန်းလွဲပိုင်းတွင် အလ္လာဟ်အရှင်မြတ် အမိန့်တော်ခံယူသွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကုရ်အာန်အသိပညာပြန့်ပွားရေးအဖွဲ့ (SEQK)**
**ဆုတောင်းပြည့်အစ္စလာမ်ဝတ်ကျောင်းတော်**
**အမှတ်(၃/၅)၊ ၅၉လမ်း၊ အမှတ်(၃)ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

## ဝမ်းနည်းကြေကွဲခြင်း
### မုဖ်သီမုဟမ္မဒ်ကာစင်(ခ)မုဖ်သီဦးစန်းအောင် (B.Sc)
**ဒု-ဥက္ကဋ္ဌ၊ အုပ်ချုပ်ရေးအဖွဲ့၊**
**အသက် (၆၈)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သီရိမွန်(၂)လမ်း၊ အမှတ်(G-11)နေ ဟာဂျီမ ဒေါ်ခင်သန်းမြင့်၏ ခင်ပွန်း၊ မုဖ်သီမုဟမ္မဒ်ကာစင်(ခ)မုဖ်သီဦးစန်းအောင်(B.Sc) (ဒု-ဥက္ကဋ္ဌ၊ အုပ်ချုပ်ရေးအဖွဲ့၊ ဆုတောင်းပြည့်အစ္စလာမ် ဝတ်ကျောင်းတော်)သည် ၅-၁-၂၀၂၅ (တနင်္ဂနွေနေ့)၊ မွန်းလွဲပိုင်းတွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အုပ်ချုပ်ရေးအဖွဲ့နှင့်ဂျမာအသ်သားများ**
**ဆုတောင်းပြည့်အစ္စလာမ်ဝတ်ကျောင်းတော်**
**အမှတ်(၃/၅)၊ ၅၉လမ်း၊ အမှတ်(၃)ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၀.Phase-2)၊ လူနေရပ်ကွက်အမှတ်-တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ မြေကွက်အမှတ်(၂၅၂+၂၅၂/၄)၊ ဧရိယာ(၁၁.၈၈၂)ဧက အကျယ်အဝန်းရှိ ဒေါ်စပါယ် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော ယာယီမြေကွက်အမှတ်(Plot No.90)၊ အကျယ်အဝန်း(2400 sqft) ခန့်ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို မူလအမည်ပေါက် ဒေါ်စပါယ်[၁၂/ဗဟန(နိုင်)၀၈၂၈၄၄]ထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသည့် City Proterties Co., Ltd. ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၈)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၄၄၆၆၇**

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ခင်တင့်(ကမ္ဘာအေး)
**အသက် (၇၆)နှစ်**

အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ(NCC)၊ ဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာမြင့်ဆွေ၏ဇနီးဖြစ်သူ ဒေါ်ခင်တင့်သည် ၆-၁-၂၀၂၅ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီအဖွဲ့ဝင်များနှင့်**
**ရုံးဝန်ထမ်းများ**

### ဦးမြို့မမောင်
**(ကုန်သွယ်/လယ်ယာ) (ငြိမ်း)**
**ဖျာပုံ/ကျုံကဒွန်း**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း(၂၀)၊ အမှတ်(၁၇၃)၊ အခန်း(B-4)နေ (ဦးလှကြည်-ဒေါ်သန်းမြ)တို့၏သား၊ [ဒေါ်ဖြူဖြူ(ခ)ဒေါ်သန်းနွဲ့]၊ ဒေါ်နုနုဝေ၏ ခင်ပွန်း၊ (ဦးစောထွန်း-ဒေါ်ခင်ဝင်းနု)၊ ဦးဝင်းမော်ဦး-ဒေါ်ချိုမာအောင်၊ ဦးမောင်မောင်ဦး-ဒေါ်စုနန္ဒာအောင်၊ ဦးခိုင်မင်းအောင်-ဒေါ်နီနီဝင်း၊ ဦးထိန်လင်း-ဒေါ်စိုးစိုးမြင့်၊ ဦးမင်းထိုက်တို့၏ ဖခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၆-၁-၂၀၂၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ တာမွေ နား၊ နှာခေါင်း၊ လည်းချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ဒေါက်တာ သက်မွန်ဇင်၏ ဖခင် ဦးအောင်မင်း(ခ)ဦးဝမ်းကြံသည် ၂၉-၁၂-၂၀၂၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နား၊ နှာခေါင်း၊ လည်းချောင်း၊ ဦးခေါင်းနှင့်**
**လည်ပင်းခွဲစိတ်ကုပညာအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
### မုဖ်သီမုဟမ္မဒ်ကာစင်(ခ)မုဖ်သီဦးစန်းအောင်(B.Sc)
**အတွင်းရေးမှူး၊ ဘိုင်သုလ်မားလ်ကော်မတီ**
**အသက် (၆၈)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သီရိမွန်(၂)လမ်း၊ အမှတ်(G-11)နေ ဟာဂျီမ ဒေါ်ခင်သန်းမြင့်၏ ခင်ပွန်း၊ မုဖ်သီမုဟမ္မဒ်ကာစင်(ခ)မုဖ်သီဦးစန်းအောင်(B.Sc) (အတွင်းရေးမှူး၊ ဘိုင်သုလ်မားလ်ကော်မတီ၊ ဆုတောင်းပြည့်အစ္စလာမ်ဝတ်ကျောင်းတော်)သည် ၅-၁-၂၀၂၅ (တနင်္ဂနွေနေ့) မွန်းလွဲပိုင်းတွင် အလ္လာဟ်အရှင်မြတ် အမိန့်တော်ခံယူသွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဘိုင်သုလ်မားလ်ကော်မတီ**
**ဆုတောင်းပြည့်အစ္စလာမ်ဝတ်ကျောင်းတော်**
**အမှတ်(၃/၅)၊ ၅၉လမ်း၊ အမှတ်(၃)ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ ၁၀၁-လမ်း၊ အမှတ်(၃၇)၊ ပထမထပ် တိုက်မျက်နှာမူလျှင်(ဝဲ)ဟုခေါ်တွင်သည့် တိုက်ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်။

အဆိုပါ တိုက်ခန်းကို တရားဝင် ဝယ်ယူ ပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ **ဦးအောင်နိုင်ဌေး [၇/ပတတ(နိုင်)၀၆၆၃၅၆]**ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ အဆိုပါသတ်မှတ်ရက် ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**တိုက်ခန်းဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဉ်- ၄၀၃၅)**
**LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်- ၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်- ၅၀၅၂၂)**
**အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-501 7044, 09-250674940**

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ခင်တင့်(ကမ္ဘာအေး)
**အသက် (၇၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ (ဦးမောင်မြ-ဒေါ်ကြာနု)တို့၏သမီး၊ (ဦးတင်အောင်-ဒေါ်အုံးမေ)၊ ဦးတင်ဆောင်-ဒေါ်မြင့်စိန်၊ (ဦးမြင့်သိန်း)-ဒေါ်ခင်မြင့်တို့၏ ညီမ၊ ဒေါ်တင်ရွှေ (ဒေါ်သောင်းအေး)၊ ဦးတင်ဝင်း-ဒေါ်သန်းသန်းဝင်းတို့၏ အစ်မ၊ ဦးသော်ဇင်-ဒေါ်ကြာညိုသင်းပျံ့၊ ဦးစိုးမောင်မောင်-ဒေါ်မြသက်ခိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မငြိမ်းထက်စံ၏အဘွား၊ ဒေါက်တာမြင့်ဆွေ (ပါမောက္ခချုပ်-ငြိမ်း၊ မြိတ်တက္ကသိုလ်)၊ ဥက္ကဋ္ဌ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ ချစ်လှစွာသောဇနီးသည် ၆-၁-၂၀၂၅ (တနင်္လာနေ့) ညနေ ၆ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်ကို ၈-၁-၂၀၂၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုး မိတ်ဆွေ သူငယ်ချင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း
### ဒေါ်စန်းရီ
**အသက်(၈၇)နှစ်**

ထားဝယ်မြို့နေ (ဦးထူးလှ-ဒေါ်ဖွားကြည်)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ်(၇)ဝိဇ္ဇာညီနောင်လမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်နေ [ဗိုလ်မှူးကြီးဇော်ဝင်း(လေ-ငြိမ်း)]၏ ဇနီး၊ ဦးအောင်ကျော်ထူး [GM-MPA-Allied Co.,Ltd.၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)၊ တပ်မတော်(ရေ-ငြိမ်း)] - ဒေါ်ချိုချိုမာ၊ မသန္တာဇော်၊ (မောင်ဇော်ဖုန်း)တို့၏မိခင်၊ မော်ဘီမြို့နေ ဦးအောင်မင်း - (ဒေါ်ထွေးကြည်)တို့၏ ညီမ၊ ကျိုက်ထိုမြို့နေ ဒေါက်တာဟိုအေး-ဒေါ်ဆွေဆွေမာတို့၏ အစ်မ၊ (ဒေါ်ချိုချိုမင်း)၊ ဦးဟန်မင်း၊ (ဒေါ်သီတာမင်း)၊ ဒေါ်နီလာမင်း၊ ဦးအေးမင်း၊ (ဒေါ်ဥမ္မာမင်း)၊ ဒေါ်ခိုင်ယဉ်သန့်၊ ဒေါ်သွယ်သွယ်အေး၊ ဦးကိုကို၊ ဦးညီညီတို့၏အဒေါ်၊ မထူးနန္ဒာဦး၏ အဘွားသည် ၆-၁-၂၀၂၅ (တနင်္လာနေ့) နံနက် ၈:၃၅ နာရီတွင် ဆာကူရာ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကွယ်လွန်သူ ဆေးကုသမှုခံယူနေစဉ်အတွင်း ဝိုင်းဝန်းကူညီပံ့ပိုးပေးကြပါသော/နာရေးလိုက်ပါပို့ဆောင်ပေးကြသော/နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးကြသော/ကျန်ရစ်သူမိသားစုကို အားပေးနှစ်သိမ့်ပေးကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟ အပေါင်းတို့ကို ကျန်ရစ်သူ မိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၉:၃၀ နာရီမှ မွန်းတည့် ၁၂:၀၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာအလှူ ပြုလုပ်မည်ဖြစ်ပါသဖြင့် အမှတ် ၃၂ ဗဟိုလမ်း၊ ဒဂုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**"ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/က+ခ)၊ မြေကွက်အမှတ်(၃၃၂) ပေါ်တွင်တည်ဆောက်ထားသော လှိုင်မြို့နယ်၊(၁၆)ရပ်ကွက်၊ မာလာမြိုင်(၈)လမ်း၊ တိုက်အမှတ်(၃၅)၊ ၂-ခန်းတွဲ(၆)-ထပ်တိုက်၏ စတုတ္ထထပ်(၅)လွှာ၊ (ခေါင်းရင်း)ခန်း၊ အကျယ်အဝန်း (၁၂. ၅ပေx၅၀ပေ)ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်" တို့ကို ဝယ်ယူမည်ဖြစ်၍ သက်ဆိုင်အကျိုးခံစားခွင့်ရှိပါက**

## "ကန့်ကွက်နိုင်ပါကြောင်း"

အထက်ပါတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လျက်ရှိပါကြောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့်ပက်သက်၍အရှုပ်အရှင်း တစ်စုံတစ်ရာမရှိပါကြောင်း၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ယခုဝယ်ယူသူမှလွဲ၍ မည်သူ့ကိုမျှ ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ **ဒေါ်မေမျိုးလွင်[၁၂/ဗတထ(နိုင်)၀၂၆၇၁၉]** ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်၍ ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီချက်များအတိုင်းဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နှင်းထက်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်ထားဆွိ LL.B, D.I.L ,Dip in Eng အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)**
**ဖုန်း-၀၉-၉၇၂၇၃၄၉၉၆၊ ၀၉-၇၉၁၄၅၄၅၃၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၁၁၀. Phase-2)၊ လူနေရပ်ကွက်အမှတ်- တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ မြေကွက် အမှတ် (၂၅၂ +၂၅၂/၄)၊ ဧရိယာ (၁၁.၈၈၂) ဧက အကျယ်အဝန်းရှိ ဒေါ်စပါယ် အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော ယာယီမြေကွက်အမှတ် (Plot No. 63)၊ အကျယ်အဝန်း (2400 sqft)ခန့်ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို မူလအမည်ပေါက် ဒေါ်စပါယ် [၁၂/ဗဟန(နိုင်)၀၈၂၈၄၄] ထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသည့် City Proterties Co., Ltd, ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇာလွင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၈)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၄၄၆၆၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၈)လမ်း၊ တိုက်အမှတ် (၅၉)၊ (၄-လွှာ)၊ (ခေါင်းရင်းခန်း) တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်ကို အရောင်းအဝယ်အဆက်အစပ်စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးမျိုးမင်းလတ် (HLG.၀၄၆၆၅၇) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူဒေါ်စန်းစန်းအေး [၇/နတလ(နိုင်)၀၀၉၈၇၇] က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကိုကိုဇော်** | **ဒေါ်နှင်းဇာခြည်မြင့်** |
| **LL.B., W.I.P.O (Switzerland)** | **LL.B, D.B.L, D.M.L, D.I.L, D.I.P.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၇၇၆၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၂၄၁)** |

**အမှတ်-၈၃/၇၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၅၀၉၃၉၇၀၊ ၀၉-၄၄၃၁၀၅၅၈၃၊ ၀၉-၂၅၄၅၄၆၃၆၅**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **တိုင်းပြည် သာယာဝပြောရေးဆိုသည်မှာ တည်ငြိမ်အေးချမ်းမှုရှိပြီး ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



## ONE Friday Fights 93 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ သွေးလင်းထက် တွဲဆိုင်း ပါဝင်မည်

ရန်ကုန် ဇန်နဝါရီ ၇

ဇန်နဝါရီ ၁၀ ရက်တွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် ONE Friday Fights 93 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ သွေးလင်းထက် တွဲဆိုင်း ပါဝင်လာမည်ဖြစ်သည်။

သွေးလင်းထက်သည် ထိုင်းဖိုက်တာ ယော့ကီတီနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ONE နှင့် လက်တွဲပြီးနောက် တတိယမြောက်ပွဲ ထိုးသတ်ရခြင်းဖြစ်သည်။ သွေးလင်းထက်သည် ၂၀၂၄ ခုနှစ်တွင် ONE Championship နှင့် စတင်လက်တွဲခဲ့ပြီး နှစ်ပွဲထိုးသတ်ထားရာ တစ်ပွဲနိုင် တစ်ပွဲရှုံးနိမ့်ထားသည်။ သွေးလင်းထက်သည် ပထမပွဲတွင် ထိုင်းဖိုက်တာ ဂျစ်မောင်နွန်ကို အမှတ်ဖြင့် အနိုင်ရသော်လည်း ဒုတိယပွဲတွင် ထိုင်းဖိုက်တာ ဘရာဇီးကို အမှတ်ဖြင့် အရေးနိမ့်ခဲ့သည်။ ထိုင်းဖိုက်တာ ယော့ကီတီမှာလည်း ၂၀၂၄ ခုနှစ်မှ ONE Championship နှင့် စတင်လက်တွဲခဲ့ပြီး နှစ်ပွဲထိုးသတ်ရာ နှစ်ပွဲစလုံး ပထမအချီမှာပင် အလဲထိုး အနိုင်ရထားသည်။

သတင်း – ရှိုင်းထက်ဇော်

ဓာတ်ပုံ – ONE Championship

## အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇန်နဝါရီ ၇

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၇ ရက် မြန်မာစံတော်ချိန် နံနက် ၇ နာရီ၊ ၃၅ မိနစ်၊ ၁၇ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၅၁၉ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်ပ (Xizang, China)၊ မြောက်လတ္တီတွဒ် ၂၈ ဒသမ ၆၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၈၇ ဒသမ ၅၁ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## အီတလီစီးရီးအေ အမှတ်ပေးဇယားအဆင့်(၄)နေရာက လာဇီယိုအသင်း ရိုးမားအသင်းကို နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရ

ရိုးမားအသင်းနဲ့ လာဇီယိုအသင်းတို့ ဇန်နဝါရီ ၆ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ်(၁၉)မှာ လာဇီယိုအသင်းအနေနဲ့ ရိုးမားအသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။

ရိုးမားအသင်းနဲ့ လာဇီယိုအသင်းတို့ပွဲစဉ်မှာ ရိုးမားအသင်းက ပထမပိုင်းပွဲကစားချိန် ၁၀ မိနစ်မှာ ရရှိခဲ့တဲ့ ပယ်လီဂရီနီရဲ့သွင်းဂိုး၊ ၁၈ မိနစ်မှာ ရရှိခဲ့တဲ့ ဆေလီမေကာရဲ့ သွင်းဂိုးတို့နဲ့ လာဇီယိုအသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

လာဇီယိုအသင်းဟာ အဝေးကွင်းမှာ ရိုးမားအသင်းကို နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့တာကြောင့် အမှတ်ပေး

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့☆**



ရိုးမားအသင်းနှင့် လာဇီယိုအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုတတိယပွဲ ရှမ်းယူနိုက်တက်နှင့် မလေးရှားကလပ်တို့ ယနေ့ ယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဇန်နဝါရီ ၇

၂၀၂၄-၂၀၂၅ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုတတိယပွဲစဉ်များကို ဇန်နဝါရီ ၈ ရက်နှင့် ၉ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် မလေးရှားကလပ် တီရန်ဂါနူးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ○**



အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲဝင် ရှမ်းယူနိုက်တက်အသင်း။

**ယနေ့ ဖတ်စရာ**

**တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ရှီကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မြေငလျင်လှုပ်ခတ်**

စာမျက်နှာ » ၁၃

**တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄